
စိတ်ကူးချိုချိုအနုပညာ

mgyoe.com


**educator presents**



# ဘာသာစုံဂုဏ်ထူးရှင်များ၏ စာစီစာကုံးများ

မြတ်လွမ်းနောင်(ပုတီးကုန်း)စီစဉ်သည်။

mgyoe.com



တက္ကသိုလ်ဝင်တန်းစာမေးပွဲများတွင်
ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများက
ရေးသားပြုစုပေးထားသော စာမေးပွဲများတွင် အမေးများသည့်
ကြိုတင်ပြင်ဆင်လေ့လာဖွယ် အောင်ပွဲဆင် စာစီစာကုံးများ။

mln0002

2000.00 Ks

[illegible]

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၉၈၀၁၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၂၁၁၀၄၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဃ.ဒ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနုပ်ဦး၊ ငွေပြည့်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမ အကြိမ် မစာင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ ဇွန်လတွင် တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

[illegible]

mgyoe.com

# စီစဉ်သူ၏ အမှာစာ

တက္ကသိုလ်ဝင်တန်းဘာသာစုံဂုဏ်ထူးရှင် Top Ten စာရင်းဝင် ကျောင်းသူကျောင်းသားများပါဝင်ရေးသားသော "စာစီစာကုံး" စာအုပ်တွင် အမှာစာရေးပေးဖို့ ဆရာ ညွန့်ဝေမိုးက ပြောကြားလာသည့်အခါ ခေါင်းညိတ်အဖြေပေးခဲ့သော်လည်း အမှာစာ တစ်ကြိမ်တစ်ခါမျှ မရေးဖူးသည့်အတွက် ရေးရန် လက်တွန့်နေမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထူးချွန်ထက်မြက်သည့် ဘာသာစုံဂုဏ်ထူးရှင်များ၏ ပညာပါရမီထူးချွန်မှု၊ ဉာဏ်ပညာထက်မြက်မှု၊ ဇွဲလုံ့လဝီရိယကြီးမားမှု၊ မဆုတ်မနစ်ကြိုးစားအားထုတ်မှု၊ စာပေလေ့လာမှုစွမ်းအားရင့်သန်မှု၊ နေ့စဉ်မှန်မှန် ကျက်မှတ်ရေးသားလေ့ကျင့်နိုင်မှု စသည့် အံ့သြချီးကျူးဖွယ်၊ အတုယူလေးစားဖွယ်ကောင်းသည့် အရည်အချင်းများကို မီအောင် ရေးသားဖော်ကျူးနိုင်မည်မထင်သောကြောင့်ပင် ဖြစ်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သည်ဆိုရုံမျှနှင့်ပင် ကြားရသူတိုင်းက ဝမ်းသာပီတိဖြစ်ကာ ချီးကျူးမိတတ်ကြသည်။ ဂုဏ်ထူးရှင်ဆိုလျှင် ပို၍ပင် ဂုဏ်ယူအားကျမိပေသည်။ ထို့ထက် ဘာသာစုံဂုဏ်ထူးရှင် Top Ten စာရင်းဝင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအကြောင်းကို သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်များတွင် ဖတ်ရသောအခါ သူတို့၏ အောင်မြင်မှု၊ ထူးချွန်မှုများကို ချီးကျူးဂုဏ်ယူမဆုံး ဖြစ်မိသည်။ ထိုမျှမက သူတို့ကို အားကျအတုယူလိုစိတ်၊ လေးစားဂုဏ်ယူလိုသောစိတ်၊ ချစ်ခင်ရင်းနှီးလိုစိတ်များလည်း ဖြစ်ပေါ်လာပါသည်။

အကြောင်းတိုက်ဆိုင်စွာဖြင့် ဘာသာစုံဂုဏ်ထူးရှင် Top Ten စာရင်းဝင် ကျောင်းသားမောင်မယ်များနှင့် educator ဂျာနယ်စာမျက်နှာပေါ်တွင် ဘာသာစုံဂုဏ်ထူးရှင်(၂၇)ဦးကို လစဉ် (၂)ဦးစီ တွေ့ဆုံချီးကျူးခွင့်ရခဲ့ပြီး သူတို့၏ ထူးချွန်

mgyoe.com

mgyoe.com


ထက်မြက်အကြောင်းနှင့် စာကျက်ပုံများကို တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများ အတုယူအာကျူးစေရန် ရေးသားဖော်ပြခဲ့ပါသည်။

ယခုတစ်ဖန် ဘာသာစုံဂုဏ်ထူးရှင် ထူးချွန်ကျောင်းသားများ ပါဝင်ရေးသားသည့် စာစီစာကုံးစာအုပ် တ်ထူးခြားစွာ ထွက်ပေါ်လာပေပြီ။

ဤစာအုပ်ပေါ်ထွက်လာအောင် အားပေးတိုက်တွန်းအကူအညီပေးခဲ့သည့် စိတ်ကူးချိုချိုစာပေအားလည်းကောင်း၊ အစအဆုံး စီစဉ်ဖန်တီးပေးသည့် ဆရာညွှန့်ဝေမိုးအားလည်းကောင်း၊ မအားလပ်သည့်ကြားမှ မညည်းမညူဘဲ ရေးသားပေးခဲ့သည့် ဘာသာစုံဂုဏ်ထူးရှင်များအားလည်းကောင်း အထူးပင် ကျေးဇူးတင်မိပါသည်။

ဤစာစီစာကုံးစာအုပ်သည် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့်ကျောင်းသားကျောင်းသူများ၏ စာအုပ်စင်တွင် မရှိမဖြစ် ရှိသင့်သော အဓိကစာအုပ်ကောင်းတစ်အုပ်အဖြစ် ညွှန်းဆိုချင်ပါသည်။ ထို့အတူ ကျောင်းသားကျောင်းသူများအတွက်လည်း စာမေးပွဲဖြေဆိုရာတွင် အထောက်အကူပေးနိုင်လိမ့်မည်ဟု အကြွင်းမဲ့ယုံကြည်မိပါသည်။

မြတ်လွမ်းနောင်(ပုတီးကုန်း)

mgyoe.com

mgyoe.com

# ပါဝင်ရေးသားသူ ဘာသာစုံဂုဏ်ထူးရှင်များ

| | | | | |
|---|---|---|---|---|
| ၁။ | မဟာန်နီချို | အဥ/၄ | (၂၀၀၄) | အ.ထ.က ကနောင် |
| ၂။ | မဖြူနှင်းစိုး | ဆအစ/၈၉ | (၂၀၀၅) | အ.ထ.က (၁) အင်းစိန် |
| ၃။ | မောင်ဝေဖြိုးကျော် | ဆအစ/၆၇၃ | (၂၀၀၅) | အ.ထ.က (၂) အင်းစိန် |
| ၄။ | မသန္တာလင်း | ဆပတ/၁၀၀ | (၂၀၀၅) | အ.ထ.က (၂) ပန်းပဲတန်း |
| ၅။ | မကြည်ဆန်းသိ | ဆမဥ/၄၄၈ | (၂၀၀၅) | အ.ထ.က(၁)မ/ဥက္ကလာ |
| ၆။ | မဆေမွန်ကျော် | ဆကရ/၅၄၀ | (၂၀၀၄) | အ.ထ.က (၂) ကမာရွတ် |
| ၇။ | မသင်းသန္တာ | ဆအစ/၇၃၁ | (၂၀၀၃) | အ.ထ.က (၁) အင်းစိန် |
| ၈။ | မောင်မျိုးသူရကျော် | ဆအစ/၁၉ | (၂၀၀၅) | အ.ထ.က (၁) အင်းစိန် |
| ၉။ | မမေသီရိလွင် | ဆမဥ/၃၉၁ | (၂၀၀၄) | အ.ထ.က(၁)မ/ဥက္ကလာ |
| ၁၀။ | မောင်တင်ထွန်းအောင် | ဆကရ/၃၆၀ | (၂၀၀၃) | ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းကမာရွတ် |
| ၁၁။ | မရွှေမေကျော် | ဆအစ/၁၅ | (၂၀၀၅) | အ.ထ.က (၁) အင်းစိန် |
| ၁၂။ | မောင်ကောင်းမြတ် | ဆအစ/၈၆၂ | (၂၀၀၅) | အ.ထ.က (၂) အင်းစိန် |
| ၁၃။ | မောင်ကောင်းစည်သူ | ဆအစ/၉၄၈ | (၂၀၀၅) | အ.ထ.က (၂) အင်းစိန် |

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| အမှာ | | က |
| ပါဝင်ရေးသားသူ ဘာသာစုံဂုဏ်ထူးရှင်များ | | ဂ |

<u>မြင်ကွင်း</u>

| | | |
|---|---|---|
| ၁။ လင်းအရုဏ် | ဟန်နီချို | ၁ |
| ၂။ နေထွက်ချိန် | ဖြူနှင်းစိုး | ၅ |
| ၃။ သာယာသောညနေခင်း | ဝေဖြိုးကျော် | ၉ |
| ၄။ ကျေးလက်ညနေခင်းမြင်ကွင်းများ | ဖြူနှင်းစိုး | ၁၅ |
| ၅။ ည | သန္တာလင်း | ၂၁ |
| ၆။ လပြည့်ညတစ်ည | ဟန်နီချို | ၂၇ |
| ၇။ လပြည့်ညတစ်ည | ကြည်ဆန်းသီ | ၃၁ |
| ၈။ သဘာဝပတ်ဝန်းကျင်အလှ | ဝေမွန်ကျော် | ၃၇ |
| ၉။ ခေတ်မီတိုးတက်နေသော ကျွန်ုပ်ပတ်ဝန်းကျင် | ကြည်ဆန်းသီ | ၄၃ |

<u>ကျေးဇူးကြီးသူများ</u>

| | | |
|---|---|---|
| ၁။ အကျွန်ုပ်ဖေဖေ | ဖြူနှင်းစိုး | ၄၉ |
| ၂။ အကျွန်ုပ်မေမေ | သင်းသန္တာ | ၅၃ |
| ၃။ ကျွန်ုပ်၏ ဆရာတစ်ဦး | မျိုးသူရကျော် | ၅၉ |

<u>အတွေ့အကြုံ</u>

| | | |
|---|---|---|
| ၁။ မမေ့နိုင်သော နေ့တစ်နေ့ | မေသီရိလွင် | ၆၅ |
| ၂။ ဘုရားဖူးခရီးတစ်ခေါက် | ဝေဖြိုးကျော် | ၆၉ |
| ၃။ ကျွန်ုပ်၏အိမ်တွင် အလှူပြုစဉ်က | မျိုးသူရကျော် | ၇၅ |
| ၄။ အတွေ့အကြုံမှရရှိသော သင်ခန်းစာများ | ကြည်ဆန်းသီ | ၇၉ |


mgyoe.com

mgyoe.com

ကျေးဇူးတရား

၁။ မိဘကျေးဇူး — တင်ထွန်းအောင် — ၈၃
၂။ ဆရာ့ကျေးဇူး — မေသီရိလွင် — ၈၉

သူ့အကြိုက် ကိုယ့်အကြိုက်

၁။ ကျွန်ုပ် အထူးစိတ်ဝင်စားသော ဘာသာရပ် — ဖြူနှင်းစိုး — ၉၃
၂။ ကျွန်ုပ်နှစ်သက်မိသော သီချင်းတစ်ပုဒ် — သင်းသန္တာ — ၉၇
၃။ ကျွန်ုပ်ချစ်သောကလေးငယ်တစ်ဦး — မျိုးသူရကျော် — ၁၀၁

စာအုပ်စာပေ

၁။ စာဖတ်ဝါသနာ — သင်းသန္တာ — ၁၀၇
၂။ ကျွန်ုပ်၏ စာဖတ်ဝါသနာ — ရွှေမေကျော် — ၁၁၁
၃။ ကျွန်ုပ်နှစ်သက်သော ဝတ္ထုတစ်ပုဒ် — သင်းသန္တာ — ၁၁၅
၄။ အနှစ်သက်ဆုံးဝတ္ထုတစ်ပုဒ် — ဝေမွန်ကျော် — ၁၁၉
၅။ ကျွန်ုပ်အနှစ်သက်ဆုံးဂျာနယ်တစ်စောင် — ရွှေမေကျော် — ၁၂၃

အောင်မြင်ကြောင်းတရား

၁။ လုံ့လ — တင်ထွန်းအောင် — ၁၂၇
၂။ ရည်မှန်းချက် — သင်းသန္တာ — ၁၃၃
၃။ အချိန်၏တန်ဖိုး — ဝေမွန်ကျော် — ၁၃၇
၄။ စည်းကမ်း၏တန်ဖိုး — ဝေဖြိုးကျော် — ၁၄၃

လူငယ်နှင့်စပ်လျဉ်း၍

၁။ စည်းကမ်းနှင့် လူငယ်အခန်းကဏ္ဍ — မေသီရိလွင် — ၁၄၉
၂။ လူငယ်နှင့် စာရိတ္တ — တင်ထွန်းအောင် — ၁၅၃
၃။ မျိုးချစ်စိတ်ဓာတ်နှင့် ယနေ့လူငယ် — ဟန်နီချို — ၁၅၉

mgyoe.com

mgyoe.com


ပညာရပ်ဝန်း

၁။ ပညာခေတ်မှာ ပညာရှာ — ကောင်းမြတ် — ၁၆၃

၂။ ထွန်းကားလာမည့် ပညာခေတ် — သန္တာလင်း — ၁၆၇

၃။ ပညာသည် ဘဝရှေ့ဆောင် — တင်ထွန်းအောင် — ၁၇၃

၄။ ဆရာနှင့်တပည့် — ဖြူနှင်းစိုး — ၁၇၉

သဒ္ဒါသမေတ္တာ

၁။ ရိုင်းပင်းကူညီလိုစိတ် — သန္တာလင်း — ၁၈၃

၂။ ကိုယ့်အကျိုး သူ့အကျိုး — ဟန်နီချို — ၁၈၉

ကောင်းကျိုးဆိုးပြစ်

၁။ နောင်တ — တင်ထွန်းအောင် — ၁၉၅

၂။ ပျင်းရိခြင်း၏ ဆိုးကျိုးများ — ကောင်းမြတ် — ၂၀၁

သဲ့ဝါဒစုံစကားပုံ

၁။ အချိန်ရှိခိုက်လုံ့လစိုက် — သင်းသန္တာ — ၂၀၇

၂။ အစကောင်းမှ အနှောင်းသေချာ — ကောင်းစည်သူ — ၂၁၁

၃။ စည်းလုံးညီညာအောင်ကြောင်းဖြာ — ရွှေမေကျော် — ၂၁၅

၄။ ကျန်းမာခြင်းသည် လာဘ်တစ်ပါး — တင်ထွန်းအောင် — ၂၂၁

ရာသီပွဲ

၁။ ဝါလကင်းလွတ်သီတင်းကျွတ် — ဝေဖြိုးကျော် — ၂၂၇

သဘာဝဘေး

၁။ ရေဘေးအန္တရာယ် — ကောင်းမြတ် — ၂၃၃


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# လင်းအရုဏ်

ဟန်နီချို

(၁) နေထွက်ချိန်သည် နေ့တစ်နေ့၏ အစဖြစ်ပုံ
(၂) အရုဏ်ကျင်းချိန်မြင်ကွင်း
(၃) ကျေးငှက်သံ
(၄) လူများနိုးထသည့်မြင်ကွင်း
(၅) ကုလားတက်သံ၊ နိဗ္ဗာန်ဆော်
(၆) တစ်နေ့တာလန်းဆန်းတက်ကြွပုံ
(၇) မိမိအမြင်နှင့်ခံစားမှု

သော်တာငွေလမင်း အနောက်ဘက်ကျွန်းသို့ ယွန်းချေပြီ။ မကြာမီ သူရိန်နေမင်း ထွက်ပြူ၍ လောကတစ်ခွင်ကို ၎င်း၏ အလင်းရောင်စဉ်တန်းများဖြင့် အလှဆင်ပေးချေတော့မည်။ တစ်ညတာလုံး ငြိမ်းချမ်းစွာ အိပ်စက်ခဲ့ကြသော လူသားတို့ စိတ်လက်ကြည်သာစွာ နိုးထလာကြတော့မည်။ ၎င်းတို့၏ တာဝန်ဝတ္တရားတို့ကို တစ်နေ့တာလုံး ရွှင်လန်းတက်ကြွစွာ ထမ်းဆောင်ကြချေတော့မည်။ သူရိန်နေမင်း၏ အလင်းရောင်စတင်ထွက်ပေါ်သော အရုဏ်ဦးအချိန်သည် မင်္ဂလာရှိသော နေ့သစ်တစ်နေ့ကို စတင်ဖွားမြင်ချိန်ဖြစ်ပါသည်။

ကောင်းကင်ယံကို တစ်ညလုံးအုပ်စိုးမင်းမူခဲ့သော အမှောင်ထုတို့သည်လည်း စစ်ပွဲရှုံးရန်သူများသဖွယ် အလျင်အမြန်ဆုတ်ခွာသွားကြပေပြီ။ အလင်းရိပ်အောက်ခိုရမလို၊ အမှောင်ရိပ်တွင်သာ ဆက်လက်နေရမလိုနှင့် ဒွိဟသံသယများနေသော ကောင်းကင်ပြင်ကြီးသည် ဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် အလင်းရိပ်ကို ခိုချေလေပြီ။

mgyoe.com

mgyoe.com

တိမ်တောင်၊ တိမ်စွယ်၊ တိမ်လိပ်တို့သည်လည်း ရွှေအိုရောင်သွေးဖြင့် အတင့်တယ် ကြီး တင့်တယ်နေဆဲသည်။ သူရိန်နေမင်းသည် မုဆိုးကျော် စူလတန်၏ နန်းပြာသာဒ် ကိုသာမက ဝန်းကျင်တစ်ခွင်လုံးကို ၎င်း၏ ရွှေရည်ကွန်ရက်ဖြင့် ဖုံးအုပ်နိုင်ခဲ့ပေပြီ။

အမှောင်ရိပ်ကြောင့် ဆိတ်ဆိတ်နေခဲ့ရသော ဝန်းကျင်တစ်ခွင်လုံးလည်း အသက်ဝင်လာချေပြီ။ ကျောက်စိမ်းရောင် သစ်ရွက်၊ သစ်ခက်၊ လှပသော ပန်းမာန် တို့ပေါ်တွင် သန္တာနီသွေးတို့ ပျော်ရွှင်စွာ ခုန်ပေါက်မြူးထူးနေကြသည်။ လတ်ဆတ် သော အရုဏ်ဦးလေညင်းကလည်း သစ်ရွက်၊ သစ်ခက်ကလေးများကို ကျီစယ် လှုပ်နှိုးနေကြသည်။ အရုဏ်ဦးအချိန်၏ မြင်ကွင်းဟူသမျှသည် လှပမှုအပေါင်းနှင့် ပြည့်စုံနေပါသည်။

“ ငှက်ကလေးတွေ စိုးစီစိုးစီ၊ အိမ်ပေါက်မှာ မြည်၊ ချိန်တန်ပြီ နမထွေးရဲ့ ဆွမ်းချက်စို့လေး ” ဟူသော ဆရာကြီး မင်းသုဝဏ်၏ ကဗျာကလေးအတိုင်းပင် ငှက်ငယ်တို့၏ “ ကျည်ကျည်ကျာကျာ ” အော်မြည်သံကလေးများကို နားဝင်ပီယံ ဖြစ်ဖွယ်ကောင်းလှစွာ ကြားနေရသည်။ ၎င်းတို့၏ ဝီရိယကောင်းပုံမှာကား လူသား တို့ပင် စံနမူနာယူဖွယ်ကောင်းလှပါသည်။ ၎င်းတို့ခမျာ နံနက်မိုးမသောက်ခင်ကပင် ဘဝဝမ်းရေးအတွက် အစာရှာထွက်ကြရရှာသည်။ ကရုဏာသက်ဖွယ်ကောင်းလှ ပါသည်။

အိမ်ရှေ့ပြတင်းမှ အကြော်သည်ဒေါ်ခင် သုတ်သီးသုတ်ပျာဖြတ်သွားသည်ကို မြင်လိုက်ရသည်။ အကြော်ဆိုင်ထွက်ရန် နောက်ကျနေရှာပြီထင့်။ ပတ်ဝန်းကျင် အိမ်များမှ မျက်နှာသစ်၊ သွားတိုက်သံများကို ကြားနေရသည်။ မျက်နှာချင်းဆိုင်အိမ်မှ မမမေ မျက်နှာသစ်နေပုံကိုကြည့်ရင်း “ မိန်းမအလှ အိပ်ရာထ ” ဟူသော ဆိုရိုးကို သတိရမိသည်။ ဖေဖေ၏ ဘုရားရှိခိုး၊ အမျှဝေသံသည်လည်း အရုဏ်ဦးအချိန်၏ ကျက်သရေမင်္ဂလာရှိမှုကို ထပ်လောင်းအားဖြည့်ပေးနေသည်။ အရုဏ်အလင်း အောက်ဝယ် ကျွန်မတို့ရပ်ကွက်ကလေးမှ လူသားများအားလုံး စိတ်လက်ကြည်သာ စွာ နိုးထလာကြချေပြီ။

မြို့လယ် ဘုန်းတော်ကြီးကျောင်းမှ ကုလားတက်ခေါက်သံ (၆)ချက်တိတိ သည် လတ်ဆတ်သော လေနုသွေးနှင့် တစ်ပါတည်း မျောပါလာသည်။ မကြာမီပင် မြတ်စွာဘုရား၏သားတော် ကိုရင်သံဃာတို့ ဆွမ်းခံကြွလာပေတော့မည်။ ကိုဗွာန် ဆော် ကပ္ပိယကြီး ဦးသုတော်၏ ဆွမ်းချက်ရန် နှိုးဆော်သံ အသံဝါကြီးကိုလည်း ကြားရသည်။ ဒသမတန်း ပင်ရင်းမြန်မာစကားပြေလက်ရွေးစင် စာအုပ်အတွင်းမှ

mgyoe.com

mgyoe.com


ကုလားတက်နှင့် နိဗ္ဗာန်ဆော်သံမကြားဖူးသော မောင်လူအေး၏ အဖြစ်ကို တွေးမိကာ ပြုံးမိရပါသေးသည်။ ကျွန်မတို့ နယ်မြို့ကလေးတွင် ကျေးလက်တောရွာတွင်သာ ခံစားနိုင်သည့် နံနက်ခင်း၏ ကြည်နူးမှုရသနှင့် မြို့ပြ၏ ခေတ်မီတက်ကြွသော နံနက်ခင်းအလှတို့ကို ရောထွေးယှက်တင် ခံစားနိုင်ပေသည်။

"စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဟူသော တေးသံနှင့်အညီ စောစောလမ်းလျှောက်သူအချို့ကိုလည်း တွေ့မြင်ရသည်။ နောင်တစ်ချိန်ဝယ် တိုင်းပြည်၏ အရေးပါအားထားရမည့်သူများဖြစ်ကြသော ကျောင်းသားငယ်ကလေးများ၏ စာကျက်သံ ညံစီစီကိုလည်း ကြားနေရပါသည်။ အရုဏ်ဦး၏ အားမာန်တက်ကြွဖွယ်အလှသည် ၎င်းတို့ကြောင့် ပိုမိုရုပ်လုံးကြွ အသက်ဝင်နေပေသည်။

တဖြည်းဖြည်းဖြင့် ငြိမ်သက်တိတ်ဆိတ်ခဲ့သော ပတ်ဝန်းကျင်သည် အသက်ဝင်လာချေပြီ။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်၊ ဈေးဝယ်တို့၏ အော်ဟစ်သံတို့သည် ညံညံစီလျက်။ ကျွန်မတို့၏ခြံအတွင်းမှ ဇီဇဝါ၊ နှင်းဆီ၊ စံပယ်တို့၏ ရနံ့များသည်လည်း သွေးလာသောလေပြည်နှင့်အတူ မွှေးလျက်။ သဘာဝတရားသည် နေ့တစ်နေ့ကို အောင်မြင်စွာ မွေးဖွားသန့်စင်နိုင်ခဲ့ပေပြီ။

တစ်စစမြင့်တက်လာသော ရှင်နေမင်းကြီးနှင့်အပြိုင် လူသားတို့၏ ထိုင်းမှိုင်းလေးလံမှုတို့သည် ပျောက်ကွယ်သွားကြလေပြီ။ ကောင်းသူလယ်သမားဦးကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံ့ဝန်ထမ်းများသည်လည်း ပျော်ရွှင်တက်ကြွစွာဖြင့် မိမိတို့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြချေတော့မည်။ တစ်နေ့တာလုံး လန်းဆန်းတက်ကြွစွာဖြင့် မိမိတို့အကျိုး၊ မိမိ မိသားစုအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးကြပေတော့မည်။ စင်စစ်အားဖြင့် ဤအရုဏ်ဦးအချိန်သည် တစ်နေ့တာလန်းဆန်းတက်ကြွမှုများကို ဆောင်ကျဉ်းပေးရာအချိန်ဖြစ်သည်။

တိတ်ဆိတ်ငြိမ်းချမ်းမှုဖြင့် စတင်ခဲ့သော အရုဏ်ဦးအချိန်သည်လည်း မမြဲသော သင်္ခါရသဘောအရ မကြာမီ ပြီးဆုံးသွားရပေဦးမည်။ လင်းအရုဏ်သည်ကား "သဘာဝလျှင်၊ အလှကိုယ်စီ၊ စွမ်းရည်ကိုင၊ လက်ဆောင်၎၏" ဟူသော ကဗျာကလေးအတိုင်း ၎င်း၏အလှများကို ကျေးလက်တောရွာ၊ မြို့ကြီးမြို့ငယ် မခွဲခြားဘဲ ပေးဝေမြဲပင်။ သဘာဝတရားကြီး တည်မြဲနေသ၍ ဤချစ်စဖွယ် လင်းအရုဏ်သည်လည်း ကြိမ်ဖန်များစွာ ပေါ်ပေါက်နေဦးမည်မှာ အသေအချာပင်။

မည်သို့ပင်ဆိုစေကာမူ ဤအရုဏ်ဦးအချိန်သည် လူသားတိုင်းအတွက် တန်ဖိုး

mgyoe.com

mgyoe.com

ရှိလှပါသည်။ ထိုအချိန်တွင် "အစကောင်းမှ အနှောင်းသေချာ" ဟူသော စကားပုံအတိုင်း ကျက်သရေမင်္ဂလာယူတတ်ရန် အရေးကြီးလှပေသည်။ အရုဏ်ဦးအချိန်ကို မိမိတို့၏ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံးအား မြင့်မြတ်အောင် ပြုကျင့်ရင်း ကျက်သရေမင်္ဂလာရှိစွာ ကြိုဆိုသင့်လှပါသည်။

●

mgyoe.com

mgyoe.com

# နေထွက်ချိန်

ဖြူနှင်းစိုး

(၁) တစ်နံနက်တွင် နေထွက်ချိန်ကို စောင့်ကြည့်နေမိပုံ(နိဒါန်း)
(၂) နေထွက်ခါနီးမြင်ကွင်း
(၃) နေထွက်လာပုံ
(၄) ကောင်းကင်မြင်ကွင်း
(၅) သဘာဝပတ်ဝန်းကျင်မြင်ကွင်း
(၆) ကျေးငှက်သံ
(၇) လူများနိုးထလာသည့်မြင်ကွင်း
(၈) ကုလားတက်ခေါက်သံ၊ နိဗ္ဗာန်ဆော်
(၉) နံနက်ခင်း အားကစားလေ့ကျင့်ပုံ၊ လမ်းလျှောက်ပုံ
(၁၀) ကလေးများစာကျက်သံ
(၁၁) တစ်နေ့တာလန်းဆန်းတက်ကြွပုံ
(၁၂) မိမိအမြင် (နိဂုံး)

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သောကြောင့် ဘုရားဆွမ်းတော် ကပ်ရန်အတွက် ကျွန်မတို့တစ်မိသားစုလုံး အိပ်ရာမှ စောစောထကြရလေသည်။ မေမေကမူ ကျွန်မတို့ထက်ပင် ပို၍ စောစောထပြီးလျှင် ဆွမ်းများ၊ ဆွမ်းဟင်းများကို ချက်ပြုတ်ထားလေသည်။ ထိုအချိန်တွင် လေးနာရီခန့်ရှိပြီဖြစ်လေသည်။ ဆွမ်းကပ်၍ ဘုရားဝတ်ပြုပြီးချိန်တွင် ငါးနာရီခန့်ရှိပြီဖြစ်လေသည်။ ထို့ကြောင့် ကျွန်မသည် မိမိ၏အခန်းသို့ ပြန်ကာ နေထွက်ချိန်ကို စောင့်ကြည့်ရန်အတွက် ပြတင်းတံခါကို ဖွင့်

mgyoe.com

mgyoe.com

လိုက်လေသည်။

ကောင်းကင်၌ နေမင်းကြီး ကိုယ်တော်တိုင် ထွက်ပေါ်လာခြင်းမရှိသေးသော်လည်း နေမင်း၏ ရှေ့တော်ပြေးရောင်နီကလေးများက ချင်းနင်းရောက်ရှိနေကြပေပြီ။ ထို့ကြောင့်ပင် အရှေ့ဘက်ကောင်းကင်ယံတစ်ခုလုံးသည် ပတ္တမြားရောင်သမ်းကာ လွန်စွာလှပနေပေတော့သည်။ ထိုအချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ တိရစ္ဆာန်များပင် အရိပ်အယောင်မျှ မတွေ့ရချေ။

သို့သော် မကြာမီမှာပင် နေမင်းကြီးမှာ အရှေ့ဘက်ကောင်းကင်ယံရှိ မိုးကုပ်စက်ဝိုင်းမှ တရွေ့ရွေ့ထွက်ပေါ်လာလေတော့သည်။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ခန့်ညားထည်ဝါလှသော နေမင်းကြီးမှာ လန်းဆန်းတက်ကြွလျက်ရှိနေပေတော့သည်။ မကြာမီမှာပင် တစ်လောကလုံးသို့ အလင်းရောင်များ ယုက်ဖြာကျလာပါတော့သည်။

မကြာသေးမီက မှောင်မိုက်နေခဲ့သော ကောင်းကင်ကြီးမှာလည်း ယခုအခါ နေမင်းကြီး၏ စေတနာကြောင့် လင်းလက်တောက်ပလာလေပြီ။ အိပ်မောကျနေသော သစ်ပင်ကလေးများလည်း နိုးထလာကြသလို ညအချိန်က ဖူးငုံနေခဲ့သော ပန်းကလေးများမှာ လှပစွာ ပွင့်လန်းနေကြပြီဖြစ်လေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း နေရောင်ခြည်ကြောင့် လန်းဆန်းတက်ကြွလာကာ နေ့တစ်နေ့၏ နိဒါန်းကို ဖွင့်လှစ်လိုက်လေတော့သည်။

အိပ်တန်းဝင်နေသော ငှက်ကလေးများသည်လည်း အိပ်မောကျနေရာမှ နိုးထလာကာ သာယာနာပျော်ဖွယ်တေးသီချင်းများကို သီဆိုနေကြပြီဖြစ်လေသည်။ ဟိုမှသည်သို့ ပျံကာဝဲကာဖြင့် နေပူစာလှုံနေကြတော့သည်။

မကြာမီမှာပင် အိပ်ပျော်နေသော သူများလည်း နိုးထလာလေတော့သည်။ အိမ်ရှင်မများကလည်း ဆွမ်းချက်ရန်အတွက်ပြင်ဆင်ကြရလေတော့သည်။ ထို့ကြောင့်ပင် လောကပတ်ဝန်းကျင်တစ်ခုလုံးမှာ နုပျိုခြင်း၊ လန်းဆန်းခြင်း၊ တက်ကြွခြင်းများဖြင့် သက်ဝင်လှုပ်ရှားလာလေတော့သည်။

ထိုအချိန်တွင် ကျွန်မတို့ရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းမှ ကုလားတက်ခေါက်သံကိုလည်း ကြားရပြီဖြစ်လေသည်။ ကုလားတက်ခေါက်သံနှင့် မရှေးမနှောင်းမှာပင် အိမ်ရှင်မများအား ဆွမ်းထချက်ရန် နှိုးဆော်ပေးသော နိဗ္ဗာန်ဆော်၏ အသံကိုလည်း ကြားရလေသည်။ ကြေးစည်ကို လက်တစ်ဖက်မှကိုင်ကာ ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ထားသော နိဗ္ဗာန်ဆော်၏ အသွင်သဏ္ဌာန်မှာ ကျက်သရေ

mgyoe.com

mgyoe.com


မင်္ဂလာတစ်ခုပင်ဖြစ်လေသည်။ နိဗ္ဗာန်ဆော်၏ နိုးဆော်သံကြောင့် အိမ်ရှင်မများ ဆွမ်းချက်ရန်အတွက် နိုးထလာသကဲ့သို့ပင် သူခိုးသူဝှက်များသည်လည်း မကောင်းမှုကို ပြုလုပ်မည့်ဆီးမှ ရှောင်ရှားကြလေသည်။ ထို့ကြောင့်ပင် နိဗ္ဗာန်ဆော်၏အသံသည် မင်္ဂလာရှိလှသော နှိုးဆော်သံပင်ဖြစ်လေသည်။

သာယာလှပသော နံနက်ခင်းဖြစ်သောကြောင့် အားကစားလေ့ကျင့်သူများကိုလည်း အများအပြားတွေ့ရပေသည်။ လမ်းလျှောက်သူကလျှောက်၊ ပြေးသူကပြေး၊ စက်ဘီးစီးသူကစီး၊ လေကောင်းလေသန့်ရှူသူကရှူဖြင့် လမ်းမတစ်လျှောက် ပြည့်နှက်နေပေသည်။ "စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့" ဟူသော ဆောင်ပုဒ်အတိုင်း လူကြီးလူငယ်အရွယ်မရွေး ပျော်ပျော်ပါးပါး လမ်းလျှောက်နေကြလေသည်။

ထိုအချိန်တွင် " ဆွမ်းတော်ဖို့ " ဟူသော အသံနှင့်အတူ ဆွမ်းခံရန် သံဃာတော်များလည်း ကြွရောက်လာပြီဖြစ်လေသည်။ ထို့ကြောင့်ပင် အိမ်တိုင်းလိုလိုရှိ အိမ်ရှင်မများမှာ သူ့ထက်ငါအလုအယက် ဆွမ်းကို လောင်းလှူကြလေသည်။ သဒ္ဓါတရားထက်သန်လှသော မြန်မာတို့၏ ဓလေ့ထုံးတမ်းကြောင့်ပင် ဖြစ်ပေလိမ့်မည်။

ထိုသို့ မင်္ဂလာရှိလှသော နံနက်ခင်းအချိန်၌ ကလေးသူငယ်တို့၏ စာကျက်သံကိုလည်း ကြားရပြန်ပါသည်။ နေထွက်ခါစ နံနက်ခင်းအချိန်သည် ဦးနှောက်ကို အာရုံပွင့်လန်းစေသောကြောင့် စာ စောစောထ၍ကျက်ကြသော ကျောင်းသားများ အများအပြားပင်ရှိလေသည်။ အနာဂတ်၏ မျိုးဆက်သစ်ဖြစ်သော ကလေးသူငယ်များသည် နိုင်ငံတော်၏ တာဝန်ကို တစ်ဖက်တစ်လမ်းမှ သယ်ပိုးထမ်းရွက်နိုင်ရန်အတွက် အပြိုင်အဆိုင်ကြိုးစားနေကြပုံမှာ အားတက်ဖွယ်ကောင်းလှပေသည်။

နေထွက်ချိန်တွင် လောကတစ်ခွင်သည် သာယာမှုအပေါင်း ခညောင်းလျက်သက်ရှိ၊ သက်မဲ့ သတ္တဝါအားလုံး လန်းဆန်းတက်ကြွနေကြလေသည်။ ထိုမြင်ကွင်းကို တွေ့မြင်နေရသော ကျွန်ုပ်ထံသို့ပင် လန်းဆန်းမှုများကူးစက်လာလေသည်။

အချုပ်အားဖြင့်ဆိုရသော် နေထွက်ချိန်သည် လောကကြီးအတွက် နေ့သစ်တစ်နေ့ကို အစပျိုးသည့် နိဒါန်းဖွင့်ချိန်ပင်ဖြစ်လေသည်။ ဤလောက ကမ္ဘာကြီးတည်ရှိနေသရွေ့ လန်းဆန်းမှုအပေါင်းကို လူသားများထံသို့ သယ်ဆောင်လာနေမည်ဖြစ်ပေတော့သည်။

●

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# သာယာသော ညနေခင်း

ဝေဖြိုးကျော်

(၁) ညနေခင်း၏အေးချမ်းသော သဘာဝ
(၂) သာယာသော ပတ်ဝန်းကျင်မြင်ကွင်းများ
(၃) လူများ၏လှုပ်ရှားမှုများ
(၄) မြို့ ညနေခင်းနှင့် ကျေးလက်ညနေခင်း ခြားနားပုံများ
(၅) မိမိကိုယ်တွေ့ ညနေခင်းတစ်ခု
(၆) မိမိအမြင်နှင့် ခံစားမှု

အလှတရားများစွာ ပြည့်လွှမ်းနေသောလောကဌ် အလှစစ်အလှမှန်များတစ်စ တစ်စ ရှားပါးလာလေပြီ။ ဖန်တီးပြုပြင်၍မရသော သဘာဝတရားသည် လောက၏ အလှတရားအစစ်အမှန်တစ်ခုဖြစ်ပေသည်။ ကမ္ဘာပေါ်ရှိ နေရာတိုင်းသည် ပင်ကို သဘာဝအလှတရားမရှိနိုင်သော်လည်း အချိန်အခါလိုက်၍ လှပနိုင်ပေသည်။ ဥတု ရာသီအလိုက် လှပခြင်းမျိုးရှိသကဲ့သို့ တစ်နေ့တာအချိန်အလိုက်လည်း လှပနေ တတ်ပါသည်။ တချို့နေရာများသည် နံနက်ပိုင်းတွင် လှပတတ်သည်။ တချို့ကမူ နေ့လယ်နေ့ခင်းတွင် လှပသည်။ နေရာတိုင်းအားလုံး လှပနိုင်သောအချိန်သည်ကား ညနေခင်းပင်တည်း။

ညနေခင်းအချိန်အခါသည် တစ်နေ့တာအစွမ်းကုန်ထွန်းလင်းတောက်ပသော သူရကန်နေမင်းကြီး မာန်ချအရှိန်လျော့စပြုချိန်ဖြစ်သည်။ အပူချိန်လျော့ကျသွားခြင်း ကြောင့် ပတ်ဝန်းကျင်အလုံးစုံအေးချမ်းစပြုချိန်ဖြစ်သကဲ့သို့ တစ်နေ့တာ စိတ်မော လူမော အလုပ်လုပ်ခဲ့သော လူသားတို့လည်း တာဝန်ပြီးဆုံးသွားပြီဖြစ်၍ စိတ်အေး

mgyoe.com

mgyoe.com

ချမ်းချိန်ဖြစ်သည်။ ပတ်ဝန်းကျင် လောကဓာတ်ကြီးတစ်ခုလုံး အေးချမ်းနေသကဲ့သို့ လူတိုင်း၏ မျက်နှာတွင် အပြုံးကိုယ်စီ လှုပ်လီလှုပ်လဲ့ တွဲခိုချိန်ဖြစ်သည်။ ထို့အတူ ကျေးငှက်များ တစ်နေကုန်အစာရှာထွက်ရာမှ အိပ်တန်းတက်ပြန်ချိန်ဖြစ်၍ ပုစွန်ဆီရောင်နေခြည်အောက်တွင် ကျေးငှက်သာရကာများ အရောင်အသွေးစုံစွာ တောင်ပံဖြန့်လှုပနေချိန် ဖြစ်သည်။

သစ်ပင်လယ်ကွင်းများသည်လည်း ရွှေအိုရောင်သမ်းကာ လှပနေပါသည်။ သစ်ပင်အုပ်ကြီးများတွင်လည်း ကျေးငှက်သာရကာတို့၏ ဆူညံစွာ အိပ်တန်းတက်အော်မြည်သံများကို ညနေခင်းတွင် ကြားနိုင်သည်။ လူတို့သည်လည်း တာဝန်ပြီးဆုံး၍ အနားယူအပန်းဖြေခြင်းအဖြစ် အားကစားအမျိုးမျိုး လုပ်ဆောင်နေကြပုံကို ညနေခင်းတွင် မြင်နိုင်သည်။ မည်သည့်နေရာကိုကြည့်ကြည့် အေးချမ်းမှုက နေရာယူထားချိန်ဖြစ်သောကြောင့် စိတ်ချမ်းသာဖွယ်ကောင်းလှပါသည်။ မြစ်ပြင်ကျယ်တွင်လည်း တံငါသည်လှေများ ပိုက်သိမ်းပြန်လာပုံသည် ညနေခင်းနေရောင်အောက်တွင် အလှပဆုံးမြင်ကွင်းဖြစ်သည်။ သာယာအေးချမ်းလှသော ချိန်ခါ ညနေခင်းပင်ဖြစ်သည်။

ညနေခင်းသည် နေ့လယ်နေပူအောက်တွင် အိပ်မောကျနေသော လောကကို လှုပ်နှိုးလိုက်သော သူနှင့်တူသည်။ ပူပြင်းသောနေ့လယ်တွင် အိပ်စက်အနားယူနေသော သက်ကြီးရွယ်အိုများ၊ ဇရပ်တန်ဆောင်းများတွင် နားနေတတ်သော ခရီးသည်များ၊ စာသင်ကျောင်းများတွင် စာသင်စာအံနေသော ကျောင်းသူ၊ ကျောင်းသားငယ်များနှင့် စက်ရုံ၊ အလုပ်ရုံအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော လုပ်သားပြည်သူများအားလုံး ညနေခင်းတွင် ပြန်လည်လှုပ်ရှားလာကြသည်။ ညနေခင်းတွင် မွန်းတည့်ချိန်က တိတ်ဆိတ်နေသော လမ်းများ ပြန်လည်လှုပ်ရှားသက်ဝင်ရှင်သန်လာလေသည်။ ဈေးဆိုင်တန်းများ အစီအရီထွက်ပေါ်လာသည်။ ပျော်ရွှင်စွာ ဆော့ကစားနေကြသော ကလေးသူငယ်များ၊ လုပ်ငန်းတာဝန်ပြီးဆုံး၍ ပြန်လာသော လုပ်သားများ၊ ကျန်းမာရေးလေ့ကျင့်ခန်းထွက်လုပ်ကြသော မိသားစုများ၏ စိတ်ကြည်နူးချမ်းမြေ့ဖွယ် ရယ်သံများကိုလည်း ညနေခင်းတွင် ကြားရလေသည်။ ညနေခင်းလူသားတို့၏ လှုပ်ရှားဟန်ပန်တိုင်းက မြင်ရသူအဖို့ စိတ်ကြည်နူးချမ်းမြေ့ဖွယ်ပင်တည်း။

မြို့ပြ၏ ညနေခင်းမြင်ကွင်းများနှင့် ကျေးလက်မြင်ကွင်းများ သာယာနာပျော်ဖွယ်ကောင်းပုံချင်းတူသော်လည်း အနည်းငယ် ကွဲပြားပါသည်။ မြို့ပြညနေခင်း

mgyoe.com

mgyoe.com


တွင် အလုပ်ဆင်းလာသော အလုပ်သမား၊ အလုပ်သမ၊ ရုံးဝန်ထမ်းများ၏ အိမ်ပြန်လမ်းများသည် စည်ကားနေပါသည်။ ကားမှတ်တိုင်၊ ဘူတာရုံတို့တွင်လည်း ဖြူနီပြာဝါရောင်စုံခြယ်ကာ လှပနေသော အလုပ်သမကလေးများ၏ မြင်ကွင်းမှာလည်း တစ်မျိုးတစ်ဖုံလှပနေသည်။ အချင်းချင်း နောက်ပြောင်ကျီစယ်ကာ ကားစောင့်နေကြသည်မှာ ပျော်စရာကောင်းလှပါသည်။ ထို့အတူ ညီညီညာညာလှေကျင့်ခန်း လုပ်နေကြသော မိသားစုများ၏ မြင်ကွင်း၊ အရောင်အသွေးစုံအင်္ကျီတို့ကို ဆင်မြန်းလျက် လမ်းလျှောက်ထွက်လာကြသူတို့မှာလည်း လှပနေကြသည်။ ဝင်လုဆဲနေလုံးကြီးသည် ကတ္တရာလမ်းမများထက် ရောင်နီဖြာနေပုံ၊ တိုက်မြင့်ကြီးများ၏ မှန်တံခါးရွက်များ၌ နီယွန်မီးကြီးထွန်းထားသည့်နှယ် အလင်းပြန်နေပုံမြင်ကွင်းများကလည်း လှပနေသည်။ စေတီကြီးများပေါ်၊ ကုက္ကိုပင်ကြီးများပေါ်တွင် အိပ်တန်းတက်နေသော ခို များ၊ ကျီးများသည်လည်း ညနေလေသွေးဆော်မြူးလိုက်တိုင်း တောင်ပံစိုက်အရှိန် ထိန်းနေပုံသည် တဖျတ်ဖျတ်တလက်လက်ဖြင့် လှပနေသည်။ အလုပ်ပြန်ချိန်လက်ဖက်ရည်ဆိုင်ထိုင်နေသော ကာလသားတို့၏ ဆူညံစွာ အော်ဟစ်ရယ်မောနောက်ပြောင်နေပုံများသည်လည်း အလှတစ်မျိုးပင်တည်း။ ညနေခင်းတွင် မြို့ပြ၏ မြင်ကွင်းများအဖြစ် နေရာတိုင်းတွင် စည်ကားသာယာနေသည်ကို တွေ့ရပေမည်။

သို့သော် ကျေးလက်ညနေခင်းသည် ချစ်စဖွယ် မြန်မာ့ဓလေ့များဖြင့် လွှမ်းခြုံသာယာနေတတ်သည်။ ကျေးလက်ညနေခင်းတွင် လယ်တောထဲမှ ဖုန်တလုံးလုံးနှင့် ပြန်လာသော နွားလှည်းများ၊ ရေဘူးရွက် တံစဉ်ကိုင်ကာ ပြန်လာသော လယ်သူမများ၊ နွားအုပ်ကြီးများကို လိမ္မော်ရောင်နေခြည်နွေး၏ အောက်တွင် လှပစွာမြင်နိုင်သည်။ ထို့အတူပင် လှိုင်းကြပ်ခွပ်များ တဖျပ်ဖျပ်ထတိုင်း နေရောင်ခြည်ကြောင့် တလက်လက်လင်းလက်နေသော မြစ်ရေပြင်တွင် တံငါလှေများ အိမ်ပြန်လာပုံမြင်ကွင်းသည် ပန်းချီဆရာပင် ငိုရလောက်အောင် လှပသည်ကို မြင်နိုင်သည်။ လယ်ကွင်းရိုးပြတ်များကြား ဆော့ကစားနေသော ကလေးငယ်များ၊ သစ်ရိပ်ကောင်းကောင်းတွင် ခြင်းခတ်နေကြသော လူပျိုကာလသားများ၏ မြင်ကွင်းသည်လည်း တစ်မျိုးတစ်ဖုံ ကြည့်ကောင်းနေပြန်သည်။ ညနေခင်းတွင် ရေခပ်ဆင်းသည့် လုံမပျိုများအပေါ်သို့ ပုစွန်ဆီရောင် ရောင်ခြည်ပက်ဖြန်းသော အလှတရားကိုမူ ယနေ့တိုင်စာဆိုတို့ ချီးမွမ်း၍ မပြီးနိုင်ပေ။ ထို့အတူ ကောင်းကင်ထက်၌ အိပ်တန်းတက်ရန် ပျံသန်းသွားသော ငှက်များ၏ မြင်ကွင်းသည် လွမ်းမောဖွယ်ကောင်းအောင် သာယာလှပသည်။ ရေခပ်ဆင်းလုံမပျိုတို့ကို အလစ်ချောင်း၍ ပန်းပေးရန် ကြံစည်နေသော

mgyoe.com

mgyoe.com

ကာလသားတစ်သိုက်ကိုလည်း ရောက်နမ်မနိုးမဝေးတွင် တွေ့နေရသည်။ ကျေးလက်၏ ညနေခင်းမြင်ကွင်းသည်ကား ရိုးရှင်းစွာ သာယာလှပေသည်။

ကျွန်ုပ်တို့နေထိုင်ရာ ရန်ကုန်တိုင်း အင်းစိန်မြို့ငယ်လေး၏ ညနေခင်းသည် လည်း သာယာလှပေသည်။ အလုပ်ဆင်းလာသော အလုပ်သမလေးများ၏ ကြိုပို့ ကားများ၊ ခြေကျင်လမ်းလျှောက်လာသော အလုပ်သမများနှင့် ရုံးဝန်ထမ်းများဖြင့် စည်ကားသာယာနေတတ်သည်။ လှိုင်မြစ်ကမ်းတစ်ဖက်သို့ နေလုံးနီနီကြီးဝင်သွား ပုံမှာ လွမ်းမောဖွယ်ကောင်းလှသော မြင်ကွင်းဖြစ်သည်။ ကျောင်းဆင်းချိန်ဖြစ်၍ ကျောင်းဆင်းလာသော ကျောင်းသူ ကျောင်းသားလေးများ၏ လူငယ်ပီပီ အမြဲရွှင် ပြုံးနေသော မျက်နှာများကလည်း ညနေခင်းအလှကို တိုးပွားစေပါသည်။ လမ်း ဘေးမြေကွက်လပ်များတွင် ဆူညံစွာ ဘောလုံးကန်၊ ပိုက်ကျော်ခြင်းခတ်နေသော လူငယ်များကလည်း ညနေခင်း၏ ပျော်ရွှင်ဖွယ်ကောင်းပုံကို ဖော်ပြနေသည်။ ကျွန်ုပ် တို့မြို့လေး၏ လမ်းဘေးဝဲယာတစ်လျှောက်တွင် ညနေခင်း၌ ဈေးဆိုင်များ အစီအ ရီထွက်ပေါ်လာတတ်သည်။ ဈေးဝယ်ထွက်သူများ၊ လမ်းလျှောက်ထွက်သူများနှင့် လမ်းများသည် စည်ကားနေသည်။ လူတို့သည် စက်ဘီး၊ ဆိုက်ကားကိုယ်စီဖြင့် ဟိုမှ သည်သို့ ကူးလူးသွားလာနေသည်မှာလည်း စည်ကားလှပါသည်။ နေ့ခင်း နေ့လယ် နေရောင်အောက် ပျောက်နေသော အလှတရားများကို ညနေခင်းတွင်သာ ရှုမငြီး ဖွယ် တွေ့ရလေသည်။

စင်စစ်အားဖြင့် ညနေခင်းသည် ရှေးကပင် အလှဆုံးအချိန်ဖြစ်ခဲ့သည်။ ရှေး စာဆိုအသီးသီးတို့သည် ညနေခင်းကို စာပန်းချီအမျိုးမျိုး ခြယ်မှုန်းခဲ့ကြသည်။ "သူရကန်စက် ဖန်ဂယက်လည်း၊ ယုဂန်စွန်းက ထိန်ကွန်းငယ်ခိုသည် ချိန်ညိုနေမင်း ကလည်း အေးသနှင့်" ဟု ကုန်းဘောင်ခေတ်စာဆို ဦးကြင်ဥက ဖော်ပြဖွဲ့နွဲ့ခဲ့သည်။ တစ်ဖန် စာဆိုတစ်ဦးကလည်း "လေပြည်ငယ်သုတ်ပါလို့၊ ရွှေဘုတ်ကယ်အိုးအိ" အစ ချီသော "ဘယ်မြို့ပုံသာပါလိမ့်" ကဗျာဖြင့် ညနေတွင် လုံမပျိုရေခပ်ဆင်းပုံအလှ သည် မည်သည့်မြို့ကြီးသူက မီပါမည်နည်းဟု ရည်ညွှန်းရေးဖွဲ့ပြန်သည်။ ညနေခင်း ၏ သာယာပုံသည်ကား စာဖွဲ့၍ပင် မမီနိုင်လောက်ပေ။

လောကကြီးသည် လူသားတို့အတွက် နေ့တိုင်းလှပသော နေဝင်ချိန် ညနေ ခင်းကို ပေးထားပါသည်။ သို့သော် အလှဟူသည် ရှာဖွေတတ်မှ တွေ့မည်။ "အလှမမြင် လှမမင်" ပါက ညနေခင်း၏ သာယာလှပပုံအလုံးစုံကို ခံစားသိရှိနိုင် မည်မဟုတ်ပါ။ ထို့ကြောင့် ကမ္ဘာတည်နေသရွေ့ ရှိမည့် သဘာဝအလှတရား စစ်စစ်

mgyoe.com

ဖြစ်သော ညနေခင်းအလှကို ခံစားသိမြင်ကြည့်ရမည်မှာ အလှရှာသူတို့၏ တာဝန်ပင်ဖြစ်သည်။

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကျေးလက်ညနေခင်းမြင်ကွင်းများ

ဖြူနှင်းစိုး

(၁) ကျေးလက်ဒေသတစ်ခုမှ ညနေခင်းမြင်ကွင်းများကို အမှတ်ထင်ထင်ဖြစ်နေပုံ
(၂) နေမဝင်မီ သဘာဝပတ်ဝန်းကျင်အလှ
(၃) ဘုန်းတော်ကြီးကျောင်း
(၄) ရွာဦးစေတီ
(၅) မိန်းကလေးများ ရေခပ်ကြပုံ
(၆) ကာလသားများ ခြင်းခတ်နေကြပုံ
(၇) လက်ဖက်ရည်ကြမ်း ဝိုင်းဖွဲ့ကြပုံ
(၈) အမှတ်တရမြင်ကွင်းများ
(၉) မိမိအတွေးနှင့် ခံစားမှုများ

ကျေးငှက်သာရကာများစွာတို့၏ အသံများကြောင့် ပြတင်းတံခါးကိုဖွင့်၍ ကြည့်လိုက်မိသည်။ နေမင်းကြီးကား တစ်နေ့ပတ်လုံး အလင်းရောင်ပေးရသည်ဖြစ်၍ အားအင်ဖျော့တော့ကာ အရောင်မှိန်နေလေပြီ။ ငှက်ကလေးများလည်း အိပ်တန်းပြန်ကြလေပြီ။ ထိုမြင်ကွင်းကို ငေးမောကြည့်ရင်း လွန်ခဲ့သောနှစ် နွေရာသီက ဖေဖေ၏ မွေးရပ်မြေ အေးသာယာရွာသို့ အလည်သွားခဲ့စဉ် မြင်တွေ့ခဲ့ရသော ကျေးလက်ညနေချမ်း၏ မြင်ကွင်းများကို ပြန်လည်မြင်ယောင်လာလေတော့သည်။

ဖေဖေသည် အစိုးရဝန်ထမ်းတစ်ဦးဖြစ်သဖြင့် မွေးရပ်မြေသို့ အလည်အပတ်မထွက်နိုင်သည်မှာ နှစ်ပေါင်း အတော်ကြာမြင့်ပြီဖြစ်သည်။ ထို့ကြောင့် ယမန်နှစ်

mgyoe.com

mgyoe.com

နွေရာသီက ခွင့်ယူ၍ အေးသာယာရွာကလေးသို့ ခရီးအလည်အပတ် ထွက်ခဲ့ကြလေသည်။ ထိုရွာကလေးသို့ ကျွန်မတို့ ရောက်ရှိသောအချိန်တွင် ညနေစောင်းနေလေပြီ။ သို့သော် ကျွန်မမှာ အနားမယူအားဘဲ ထိုရွာမှ ရွာသူကလေးတစ်ဦးနှင့် ရွာထဲသို့ လမ်းလျှောက်ထွက်ခဲ့လေသည်။

နေဝင်ခါနီးပြီဖြစ်သောကြောင့် နေမင်းကြီးမှာ ပုစွန်ဆီရောင်သို့ ကူးပြောင်းသွားကာ ရွာဦးစေတီတည်ထားရာ ကုန်းမြင့်လေးအနီးတွင် မေးတင်၍ အနားယူနေပြီဖြစ်သည်။ တိမ်နီ၊ တိမ်ဝါ၊ တိမ်ပြာတို့ကလည်း နေဝင်ချိန်ကို ပိုမိုလှပစေရန် အစွမ်းကုန် ကူညီလျက်ရှိကြလေသည်။ တိမ်ရောင်စုံတို့ အလှချင်းပြိုင်ကာ တိမ်သဘင်ကျင်းပနေပုံကို စဥ့်ကူးမင်း၏ မိဖုရား ရှင်မင်းက–

" တိမ်နီတိမ်ပြာ၊ တိမ်လွှာတိမ်ဝန်း
လျှပ်နွယ်တန်းလျက်၊ တိမ်ဆန်းတိမ်ထူး
တိမ်ညိုမြူး၍
ခြူးသေးခြူးနွယ်၊ ဆေးပေါင်းခြယ်သို့ "

ဟူ၍ စာပန်းချီခြယ်ခဲ့လေသည်။

အင်းဝခေတ်၌လည်း ဆရာတော် ရှင်ဥတ္တမကျော်သည် တိမ်စိုင်တိမ်ခဲတို့၏ ထူးခြားသော အလှကို–

" တိမ်ညိုမိုလွှာ၊ တိမ်စူကာနှင့်
တိမ်ပြာရောယှက်၊ မရမ်းဖက်၍
တိမ်သက်တံရောင်၊ အဝါဘောင်ဝယ်
မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တချို့
ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ
မှုန်ခဲ့တစ်ချက် "

ဟူ၍ တောလားကြီးကဗျာတွင် တိမ်လွှာတိမ်စိုင်တို့၏ အလှကို ကဗျာစပ်ဆိုခဲ့လေသည်။

ထိုအချိန်တွင် ငှက်တို့သည်လည်း အိပ်တန်းသို့ ပြန်ကြလေသည်။ ထို့ကြောင့် ပုစွန်ဆီရောင် တောက်နေသော နေမင်းကြီး၊ တိမ်ရောင်စုံတို့၏အလှနှင့် ကျေးငှက်ကလေးများကို မြင်တွေ့ရသူအဖို့မှာ အသက်ဝင်နေသော ပန်းချီကားကြီးတစ်ချပ်ကို ကြည့်ရသကဲ့သို့ ရှိနေပေသည်။

ဤသို့ သဘာဝအလှအပများကို ငေးမောရင်း အရှေ့သို့ ဆက်၍လျှောက်လာခဲ့

mgyoe.com

mgyoe.com


ရာ ချောင်းကလေးတစ်ခုအနီးသို့ ရောက်ရှိလာလေသည်။ ချောင်းစပ်တွင် ပေါက်ရောက်နေသော ငုဝါပင်များမှာ အပင်တိုင်းလိုလိုပင် ဝင်းဝါအောင် ပွင့်လန်းနေလေသည်။ လေအဝှေ့တွင် ပန်းငုဝါအချို့မှာ ပင်ယံထက်မှ စမ်းချောင်းလေးထံ သက်ဆင်းကာ ရေစီးနှင့်အတူ ပျော်ရွှင်စွာ လိုက်ပါသွားလေတော့သည်။

ဤသို့ ကြည်နူးအေးချမ်းဖွယ် ကောင်းလှသော စမ်းချောင်းကလေး၏ နံဘေးတွင် ရွာ၏ကျက်သရေဆောင်ဖြစ်သော ရွာဦးဘုန်းကြီးကျောင်းက ခန့်ထည်စွာ တည်ရှိနေပေသည်။ ရေနံချေးများဖြင့် မည်းနက်နေသော နံရံကြီးများနှင့် ဘုံပြာသာဒ်အဆင့်ဆင့် ဆောက်လုပ်ထားသော ကျောင်းဆောင်ကြီးများမှာ မြန်မာတို့၏ ဂုဏ်ကျက်သရေကို မြင့်မားစေပြန်သည်။ ထိုအချိန်တွင် ဘုန်းကြီးကျောင်းသားကလေးများ၊ ကိုရင်ကလေးများကလည်း အမှိုက်လှည်းသူကလှည်း၊ ရေခပ်သူကခပ်၊ ထင်းခွဲသူကခွဲနှင့် တာဝန်ကိုယ်စီကို ဆောင်ရွက်နေပေသည်။

ရွာသူရွာသားတို့၏ ကိုးကွယ်အားထားရာဖြစ်သော ရွာဦးစေတီမှာ ဘုန်းတော်ကြီးကျောင်း၏ နံဘေးရှိ ကုန်းမြင့်ကလေးပေါ်တွင် တည်ရှိပေသည်။ ကျွန်မတို့သည် ရွာဦးစေတီအား ဖူးမြော်ရန်အတွက် ကုန်းမြင့်လေးပေါ်သို့ တက်ခဲ့ကြလေသည်။ ရွာဦးစေတီမှာ ထုံးများဖြင့် ဖွေးဖြူကာ ကြည်ညိုသပ္ပာယ်ဖွယ်ကောင်းလှပေသည်။ စေတီပေါ်တွင် ရွာသူရွာသားများ လှူဒါန်းထားသော ပန်းများ၊ သစ်သီးဝလံများကလည်း ပြည့်နှက်နေပေသည်။ ရွာသူရွာသားများ၏ ဘာသာရေးရိုသေကိုင်းရှိုင်းမှုမှာ အံ့မခန်းပင်။ ထိုအချိန်တွင် တစ်ချက်တစ်ချက် ကြားနေရသော ခေါင်းလောင်းသံကလေးက သာယာအေးချမ်းမှုကို ပေးစွမ်းပြန်လေသည်။

ကျွန်မတို့သည် ရွာဦးစေတီမှအပြန်တွင် ရွာသူရွာသားတို့၏ မှီခိုအားထားရာ နန္ဒာကန်ကြီးသို့ သွားရောက်ခဲ့လေသည်။ နန္ဒာကန်ကြီးမှာ တာဝတိံသာနတ်ပြည်မှ မဟာနန္ဒာကန်နှင့် ထင်မှားရလောက်အောင်ပင် သာယာလှပေသည်။ ကန်၏ နေရာအနှံ့အပြားတွင်လည်း ကြာမျိုးပေါင်းစုံတို့ ဖူးပွင့်ဝေဆာလျက်ရှိပေသည်။ ရေကန်ထဲတွင် ကူးခတ်နေသော ကလေးများမှာ အနီးအနားတွင်ရှိသော ဗေဒါပင်ကလေးများအား ဆော့ကစားနေပုံကို တွေ့မြင်ရသောအခါ–

"ဘဲအုပ်မှာ တစ်ရာနှစ်ရာ
ဗေဒါက တစ်ပင်တည်း
အယက်အကန်ခံလို့
ဗေဒါပျံ့ အန်ကိုခဲ

mgyoe.com

mgyoe.com


ပန်းပန်လျက်ပဲ"

ဟူသော ကဗျာလေးကိုပင် သတိရလိုက်မိပါသည်။

ထိုအချိန်တွင် ရွာသူလုံမပျိုကလေးများ ရေခပ်ဆင်းလာကြလေသည်။ လုံမပျိုကလေးများမှာ သနပ်ခါးကိုယ်စီနှင့် ကျက်သရေရှိလှပေသည်။ ရေအိုးကလေးများ ပင့်ကာရွက်ကာဖြင့် ရေကန်စပ်သို့ လှမ်းလာကြလေသည်။ ရေခပ်ရင်းဖြင့် တစ်ဦးနှင့်တစ်ဦး စနောက်နေကြပုံကို မြင်တွေ့ရသည်မှာ ပျော်ရွှင်ဖွယ်ကောင်းလှပေသည်။ လူပျိုကာလသားများကလည်း ကန်၏ မနီးမဝေးတွင် ခြင်းခတ်သူကခတ်၊ သစ်ပင်ကွယ်မှ ချောင်းသူကချောင်းနှင့် အမျိုးမျိုးဟန်ရေးပြနေကြလေသည်။ ကျေးလက်ညနေချမ်း၏ ပျော်စရာမြင်ကွင်းတစ်ခုပင်။

ထိုအချိန်တွင် လယ်ယာလုပ်ငန်းခွင်သိမ်း၍ ပြန်လာကြသော လယ်လုပ်သားကြီးများ၊ သက်ကြီးရွယ်အိုများ စုဝေး၍ လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့နေကြပုံကိုလည်း တွေ့မြင်နိုင်လေသည်။ ထိုလက်ဖက်ရည်ကြမ်းဝိုင်းတွင် လူကြီးများသာမက လူငယ်များလည်း ပါဝင်ဆင်နွှဲကြလေသည်။ ဗဟုသုတရလို၍ လာရောက်နားထောင်သူများက စိတ်ဝင်တစား နားထောင်နေသလို ဆတ်သားခြောက်နှင့် ရေနွေးကြမ်းကို မက်၍ လာသူများလည်း ရှိနေပေသည်။ မည်သို့ပင်ဖြစ်စေ လက်ဖက်ရည်ကြမ်းဝိုင်းကလည်း ညနေချမ်းကို ပိုမိုစိုပြည်စေပြန်သည်။

အပြန်လမ်းတွင် လယ်ကွင်းများဘက်မှ လှည့်၍ပြန်လာခဲ့ကြလေသည်။ လေပြည်အဝှေ့တွင် မြစိမ်းရောင်တောက်နေသော စပါးပင်ကလေးများမှာ လေနတ်သားနှင့်အတူ ပျော်ရွှင်စွာ ကခုန်နေကြလေသည်။ ရှုမဆုံးနိုင်အောင် ကျယ်ပြန့်လှသော လယ်ကွင်းများကို ကြည့်ရင်း စာဆိုဦးပုည၏–

" နတ်ချောင်းရေယာဉ်၊ မြကွင်းမှာ
ကောက်စိမ်းပင်လှဲ၊ ယိမ်းနွဲ့နွဲ့နှင့်
တာဖွဲ့ကျယ်ဝန်း၊ လယ်မြေခင်းလည်း
နတ်မင်းမချို့၊ ဖန်၏သို့"

ဟူသော ကဗျာလေးကိုပင် ပြန်လည်သတိရမိပါသည်။

ဤသို့ဖြင့် မကြာမီမှာပင် အမှောင်ထုက ဝင်ရောက်လာပြီး ဆည်းဆာချိန်မှာ နိဂုံးချုပ်လေတော့သည်။ မေမေ၏ခေါ်သံကြောင့် အတွေးနယ်ပယ်ထဲတွင် လွင့်မျောနေရာမှ ပြန်လည်နိုးထလာရလေတော့သည်။

မည်သို့ပင်ဖြစ်စေ အေးသာယာရွာကလေး၏ ညနေခင်းပုံရိပ်များသည် ကျွန်မ

mgyoe.com

၏ နှလုံးသားတစ်နေရာတွင် အစဉ်အမြဲရှင်သန်နေပေလိမ့်မည်။ သို့သော် ဆည်းဆာချိန်သည် လောကကြီးမှ ဘယ်သောအခါမှ ထွက်ခွာသွားမည်မဟုတ်ချေ။ နေ့သစ်တိုင်း၏ ညနေခင်းတိုင်းအတွက် ဆည်းဆာချိန်သည် အစဉ်အမြဲရှင်သန်နေမည်ဖြစ်ပါတော့သည်။

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ည

**သန္တာလင်း**

(၁) ညဟူသော အချိန်အတိုင်းအတာ
(၂) အလင်းပျောက်၍ အမှောင်ရောက်ချိန်
(၃) သဘာဝအမှောင်ကို လူဖန်တီးသော အလင်းရောင်ဖြင့် လင်းစေပုံ
(၄) မြို့ကြီးများ၏ ညများ
(၅) ကျေးလက်တောရွာ၏ ညများ
(၆) လသာည
(၇) လမိုက်ည
(၈) အိပ်စက်နားနေချိန်
(၉) ညနှင့်ပတ်သက်သောဖြစ်ရပ်များ
(၁၀) ညနှင့် မိမိအမြင်

ကျွန်ုပ်တို့သည် ထိုင်နေသောအချိန်မှာပင် တစ်မိနစ်လျှင် မိုင်ပေါင်းများစွာ ခရီးသွားနေသည်ဟုဆိုက အံ့ဩသွားနိုင်ပေသည်။

လူသားတို့သည် အချိန်တိုင်းတွင် ကမ္ဘာကြီးပေါ်တွင် စီးနင်းလိုက်ပါရင်း အမှန်ပင် မိုင်ပေါင်းများစွာ ခရီးသွားနေကြသည်။ ကမ္ဘာကြီးသည် မိမိဝင်ရိုးပေါ်တွင် လည်ပတ်နေရာမှ နေ့နှင့်ညအချိန်အတိုင်းအတာများ ဖြစ်ပေါ်လာပေသည်။ ကမ္ဘာလောကကြီး၌ နေ့နှင့်ညတို့ကို လူသားများအတွက် သဘာဝတရားက ဖန်ဆင်းပေးထားသည်။ အရုဏ်ဦးဆည်းဆာ၊ ညနေဆည်းဆာဟူ၍ ဆည်းဆာချိန်များရှိရာ အလင်းမှ အမှောင်သို့ ကူးပြောင်းစ ကြားကာလ ညနေဆည်းဆာကို ကျော်လွန်ပြီးနောက်

mgyoe.com

mgyoe.com

သတ္တဝါတို့အတွက် မရှိမဖြစ်လိုအပ်သည့် "ည"ဟူသော အချိန်အတိုင်းအတာတစ်ခု သို့ ရောက်ရှိလာတော့သည်။

"ည"ဟူသော အချိန်အတိုင်းအတာ အပိုင်းအခြားသည် ဥတုရာသီကို မှီ၍ လည်း ရှည်ကြာမှုချင်း ကွာခြားသည်။ ဆောင်းဥတုတွင် ညတာအရှည်ဆုံးဖြစ် သည်။ နွေရာသီတွင်မူ ညတာတို၍ နေ့တာရှည်လှသည်။ မည်သို့ပင်ဆိုစေ နေ့နှင့် ည သံသရာအဝန်းအဝိုင်းသည် လည်ပတ်နေရာ "ည"ဟူသော ကာလအပိုင်းအခြား သို့ မလွဲမသွေရောက်ရှိရပေသည်။ တစ်နေ့တာဟူသော အချိန်ကာလကြီးသည် "နေ့"နှင့်"ည"ဟူသော အပိုင်းနှစ်ပိုင်းဖြင့် ဖွဲ့စည်းထားရသည်။ လူ့လောကတွင်လည်း "ရှင်သန်ခြင်း"နှင့်"သေဆုံးခြင်း"ဟူသော အပိုင်းနှစ်ပိုင်းနှင့်သာ ပေါင်းစည်းထားကြ ၏။ "ည"သည် သာမန်အားဖြင့်ဆိုရလျှင် လူ့ဘဝအမှောင်ပိုင်း "သေဆုံးခြင်း" နှင့် တူညီပေမည်။ "မကြည့်တတ်လျှင် တဏှာ၊ ကြည့်တတ်လျှင် ဘာဝနာ"ဟူသည့် အတိုင်း"ည"အချိန်က သံဝေဂတရားကို ရရှိလာစေသည်။ "ည"သည် လူ့ဘဝ၏ အရေးကြီးကဏ္ဍဖြစ်သည်။

"အောက်အီးအီးအွတ်" ဟူသော နားဝင်ပီယံရှိရုံမျှမက နားဝင်ပီယံလည်း ဖြစ်သည့် ကြက်ဖကြီး၏ အိပ်တန်းတက်ရန် တွန်ကျူးသံက "နေ့" မင်းသား၏ တာဝန်ချိန်ကုန်ဆုံး၍ "ည" မင်းသမီးလေးရောက်ရှိလာပြီဟု အသိပေးလိုက်ခြင်း ဖြစ်သည်။ နေမင်းကြီးသည်လည်း လူသားတို့ကို နှုတ်ဆက်ကာ အနောက်ဂေါယာ ကျွန်းဆီသို့ ယွန်းပေပြီ။ ပတ်ဝန်းကျင်ရှိ သူ၏အလင်းရောင်တန်းတို့ကို ပြန်လည် ရုပ်သိမ်းသွား၏။ ကောင်းကင်တစ်ခွင် ပတ်ဝန်းကျင်တွင် အမှောင်ထုကသာ တအိအိ ပြိုကျလာ၏။ အမှောင်ရိပ်များ ဟိုတစ်ကွက်၊ သည်တစ်ကွက်ကြီးစိုးလာ၍ "ည"၏ သရုပ်ကို ဖော်ကျူးနေကြသည်။ အိပ်တန်းပြန်ငှက်တို့ကိုလည်း ကောင်းကင်ပြင်တွင် အရိပ်မည်းမည်းများအဖြစ်သာ တွေ့နိုင်တော့သည်။ နေဝင်သွားသည်နှင့် အားကျမခံ ထွက်လာသူက သီတဂူလမင်း ဖြစ်သည်။ အလုပ်ခွင်မှ လုပ်သားတို့နှင့် ကျောင်းသူ ကျောင်းသား၊ ရုံးသူရုံးသား၊ လယ်သမားများ စသည်ဖြင့် ကိုယ်စီကိုယ်စီ မိမိနားခိုရာ နေအိမ်ဆီသို့ ပြန်သွားကြတော့သည်။ ည၏အမှောင်ထုကသာ ဝန်းကျင်ကို ကြီးစိုး ထားသည်။

" လိုလျှင်ကြံဆ နည်းလမ်းရ" ဟူသည့်အတိုင်း လူသားတို့သည် ည၏ သဘာဝအမှောင်ကို ခုခံတွန်းလှန်ရန်အတွက် နည်းလမ်းကောင်းများကို တီထွင် ကြံဆခဲ့ကြသည်။ ကမ္ဘာဦးလူသားတို့သည် မီးကို စတင်တွေ့ရှိရာမှ သဘာဝ

mgyoe.com

mgyoe.com


အမှောင်တစ်စိတ်တစ်ဒေသကို ဖြိုခွင်းနိုင်ခဲ့ကြသည်။ ကျောက်ခေတ်လူသားတို့က မီးပုံများဖိုကာ အလင်းရောင်ကို ရယူခဲ့ကြသည်။ နောက်ပိုင်းတွင် ဖယောင်းတိုင်မီး၊ ရေနံဆီမီးခွက်စသည်ဖြင့် သဘာဝအမှောင်ကို ဖြိုခွင်းရန် သုံးခဲ့ကြသည်။ မြန်မာ့ဇာတ်မင်းသားကြီး ဦးဖိုးစိန်သည်ပင် အောက်လင်းဓာတ်မီးကို တီထွင်သည်။ သိပ္ပံပညာရှင်ကြီး သောမတ်အက်ဒီဆင်၏ ကြိုးစားကြံဆမှုကြောင့် လျှပ်စစ်မီးသီးများ ပေါ်ပေါက်ကာ ည၏အမှောင်ကို လူသားတို့ တွန်းလှန်နိုင်ခဲ့ကြသည်။ သဘာဝအမှောင်ကို လူတို့ဖန်တီးသောအရာများဖြင့် ဖြိုခွင်းကာ အလင်းရောင် ထွန်းလင်းစေခဲ့သည်။

မြို့ကြီးများ၏ ညများတွင်ကား သဘာဝအမှောင်သည် ပျောက်ကွယ်လုနီးနီးဖြစ်သည်။ လူတို့ဖန်တီးသော နီယွန်မီးရောင်တို့ကသာ လမ်းများပေါ်တွင် ကြီးစိုးထားသည်။ အိမ်များထဲတွင်လည်း လျှပ်စစ်မီးသီး၊ မီးချောင်းတို့ဖြင့် အလင်းရောင်ထွန်းလင်းစေကြသည်။ လုပ်ငန်းခွင်မှ အိမ်အပြန်နောက်ကျသူများကလည်း ကားမှတ်တိုင်များတွင် ကားစောင့်နေကြသည်ကို တွေ့မြင်နိုင်သည်။ ညဦးပိုင်းတွင် လမ်းများပေါ်၌ လူများ၊ ကားများက မပြတ် လှုပ်ရှားနေကြသည်။ ညအချိန်ကို အကျိုးရှိစွာ အသုံးချနေကြသည်။ တဖြည်းဖြည်း ညနက်လာသည်နှင့်အမျှ ဆူညံသံများလျော့ပါးသွားသည်။ ညပိုင်း အချိန်ပိုအလုပ်ဆင်းသူ လုပ်သားများ၏ အသံများ၊ ညဘက်သတင်းစာလိုမှီရန်ပြင်ဆင်နေသော သတင်းစာတိုက်မှ အသံများမှအပ တိတ်ဆိတ်သွားသည်။ ညဘက်အပျော်ကြူးသူ အမှုးသမားများကို လိုက်လံထိန်းသိမ်းရန်နှင့် ရပ်ရွာလုံခြုံရေးထိန်းသိမ်းရန် ကင်းပတ်လှည့်နေသော ရဲသားများ၏ ခြေသံများကိုသာ ကြားနေရသည်။ တစ်ခါတစ်ရံ ဘူတာရုံကို ဖြတ်သွားသော အစုန်အဆန်စီး ရထားသံများကလည်း ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားတတ်သေးသည်။

တောရွာလေး၏ ညအချိန်က ပိုမိုအေးချမ်းတိတ်ဆိတ်လှသည်။ ကလေးသူငယ်များကလည်း စောစီးစွာ အိပ်ရာဝင်ကြသည်။ လူကြီးတို့ကလည်း လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့ကာ ရပ်ရေးရွာရေး၊ လူမှုရေးများ ရှေးဟောင်းနှောင်းဖြစ်များကို ရယ်ရွှင်ဖွယ်၊ လွမ်းမောဖွယ်ပြောကြားရင်း ရပ်ရွာတိုးတက်ရေးအတွက် ဆွေးနွေးတိုင်ပင်ကြသည်။ ရှေးခေတ်က မိန်းမပျိုလေးများသည် လသာသည့်အခါ ညအခါ ဗိုင်းငင်လေ့ရှိကြသည်။ ယခုအခါတွင် အခကြေးငွေဖြင့် ပန်းထိုးလေ့ရှိကြသည်။ မြို့ကြီးပြကြီးများတွင် တိုးတက်နေသည်မှန်သော်လည်း တောရွာများတွင် ဖယောင်းတိုင်၊ ရေနံဆီမီးအိမ်များဖြင့်သာ သဘာဝအမှောင်ကို အန်တုနိုင်ကြသည်။ မိန်းကလေးများ

mgyoe.com

mgyoe.com

မှာ ရေနံဆီမီးအိမ်အောက်တွင် ပန်းထိုးကြရသည်။ ထို့ကြောင့် နိုင်ငံတော်က ကျေးရွာတိုးတက်ရေးစီမံကိန်းတွင် လျှပ်စစ်မီးရရှိရေးကိုပါ ထည့်သွင်းဆောင်ရွက်နေခြင်းဖြစ်သည်။

တောရွာများတွင် ပျိုပျိုအိုအိုအားလုံး သန်းခေါင်ကြက်မတွန်မီပင် အိပ်ရာဝင်ကြသည်။ ကြက်တွန်သံနှင့် ရွာထိပ်ကင်းတဲမှ သံချောင်းခေါက်သံကသာ ဝန်းကျင်ကို စိုးမိုးထားလေ့ရှိသည်။

မြို့ကြီးများတွင် လသာညများသည် အမှတ်မဲ့ပင် ကျော်ဖြတ်သွားသော်လည်း တောရွာများတွင် လသာညကား အရေးပါလှသည်။ လသာညများတွင် ကလေးလူကြီးအားလုံး သန်းခေါင်ကျော်မှ အိပ်ကြသည်။ လရောင်အောက်ကွင်းပြင်တွင် ကလေးများ ကစားကြသည်။ လူကြီးများဝိုင်းဖွဲ့စကားပြောကြသည်။ ဆန်ဖွပ်၊ မောင်းထောင်း၊ မိုင်းငင်၊ ပန်းထိုး စသည့် အလုပ်များကို လရောင်အားကိုးဖြင့် လုပ်ကိုင်ကြရသည်။ ဤသို့ လူသားအားလုံး၏ အလိုဆန္ဒတို့ကို ဖြည့်ဆည်းပေးသောကြောင့် လမင်းကို "ဆန္ဒ"ဟု ခေါ်ခဲ့ကြသည်။ ကာလရွေ့လျားလာသောအခါ "စန္ဒာလ" ဖြစ်လာသည်ဟု မှတ်သားဖူးသည်။ ညအချိန်သည်လည်း စန္ဒာလနှင့် တွဲဖက်ကာ "မောင်တစ်ထမ်း မယ်တစ်ရွက်" ဖြင့် လူသားအကျိုးကို တစ်စိတ်တစ်ပိုင်းထမ်းဆောင်နေသည်။

ဘဝတွင် အနိမ့်အမြင့် အတက်အကျရှိသည်။ ည၏ဘုရင်လမင်းသည်လည်း သာတစ်လှည့် မှိန်တစ်ခါပင်ဖြစ်သည်။ မြန်မာလများတွင် လဆန်းရက်၊ လဆုတ်ရက်များရှိရာ လဆန်း(၁၄) ရက်အထိ လမင်းကြီးသည် တဖြည်းဖြည်းပြည့်ဝိုင်းကာ လပြည့်ညတွင် စက်ဝိုင်းပုံလကို တွေ့မြင်ရသည်။ ထိုကဲ့သို့ပင် လဆုတ် (၁၄)ရက်အထိ လသည် တဖြည်းဖြည်း လေးကိုင်းသဏ္ဌာန်လျော့လာပြီး လကွယ်ညသို့ရောက်သောအခါ လုံးဝပျောက်ကွယ်သွားသည်။ တစ်ခါတစ်ရံတွင်လည်း တိမ်ဖုံးပါလို့ လမသာဟူသည့် အဖြစ်မျိုးနှင့်ကြုံလျှင် လကွယ်တတ်သည်။ လပေပုပ်ဖမ်းသည်ဟု ရှေးလူကြီးများဆိုကြသည်။ လမိုက်ညများတွင် ချောက်ချားဖွယ် တိတ်ဆိတ်မှုသာ ကြီးစိုးနေတတ်သည်။ မြို့ကြီးများတွင် မသိသာသော်လည်း တောရွာများတွင် စောစီးစွာ အိပ်ရာဝင်ကြသည်။

ထိုအချိန်တွင် အမှောင်ထုကို အခွင့်ကောင်းယူကာ လူဆိုးများ လှုပ်ရှားတတ်ကြသည်။ သူခိုးများ၏ ဘေးအန္တရာယ်မှာ အဆိုးဆုံးဖြစ်သည်။ ဆိတ်ငြိမ်ရာဖြစ်သောကြောင့် မကောင်းမှုကို အားပေးနေသယောင်ရှိသည်။ လူအများစုအိပ်နေချိန်

mgyoe.com

mgyoe.com


ဖြစ်၍ ဒုစရိုက်သမားများအတွက် အခွင့်ကောင်းဖြစ်သည်။

"ကောင်းသူမလာ၊ လာသူမကောင်း" သော အချိန်လည်းဖြစ်နေသည်။ တစ်ဖက်တွင်လည်း တစ်နေ့လုံး လုပ်ငန်းတာဝန်၊ မိသားစုတာဝန်၊ နိုင်ငံ့တာဝန်၊ တာဝန်ထမ်းပိုးကြား နစ်မြုပ်နေသော လူသားတို့ အိပ်စက်အနားယူချိန်ဖြစ်သည်။ ညဘက်တွင် မိသားစုထမင်းလက်ဆုံစားပြီး အနားယူအိပ်ပျော်ချိန်ဖြစ်သည်။ အိပ်စက်ခြင်းသည် ကိုယ်ခန္ဓာအတွက် လိုအပ်မှုကြီးတစ်ခုဖြစ်သည်။ လူတို့ဘဝသက်တမ်း သုံးပုံတစ်ပုံခန့်ကို အိပ်စက်ခြင်းက ယူဆောင်သွားသည်။ လူတို့ သတ္တဝါတို့အတွက် အရေးပါသော အိပ်စက်ခြင်းကို ညအခါတွင် ဆောင်ရွက်ကြသည်။

တစ်ချိန်တည်းမှာပင် ညလောကသားများဖြစ်ကြသော လင်းနို့၊ ဇီးကွက်စသည့် ညဥ့်သတ္တဝါတို့ကလည်း ဆိုင်ရာသိုက်နန်းဆီမှ ထွက်ကာ အစာရှာကြသည်။ သတ္တဝါတို့နှင့် ပန်းလေးများ အိပ်ပျော်နေချိန်တွင် တီကောင်တို့ကလည်း မြေတွင်းထဲမှ ထွက်ပြူလာကြသည်။ ပိုးဟပ်များ၊ ဖားများ၊ ကြွက်များအတွက်လည်း ပျော်ပွဲဆင်ချိန်ဖြစ်သည်။ ညလောကတွင်လည်း ကိုယ်စီအလုပ်များနေကြသည်။ ညလောကတွင်လည်း ဖြစ်ရပ်များစွာသည် လူသားများ သတိမထားမိဘဲ ဖြစ်ပွားလျက်ရှိသည်။ "ည" နှင့်ပတ်သက်ပြီး စီးပွားရေးသမားတို့ အမြတ်ထုတ်မှုကြောင့် လူထုကို ကြောက်ရွံ့ချောက်ချားစေသည့်အရသာခံစားမှုပေးသော သရဲကား၊ တစ္ဆေကားများ များစွာပေါ်ထွက်လာခဲ့သည်။

မည်သို့ပင်ဖြစ်စေ ညကား သူ့သဘာဝ သူ့အလှနှင့် တည်မြဲနေလေသည်။ ည၏ သရုပ်ကား တိတ်ဆိတ်မှုနှင့် ချောက်ချားမှု၊ မှောင်မိုက်မှုတို့သာ ဖြစ်သည်။ လူအများကား ညအချိန်ကို ကြောက်ရွံ့ရှောင်ရှားကြသည်။ အမှန်တွင်မူ "ည"သည် နှစ်လိုဖွယ် အိပ်စက်နားနေခြင်းကို ယူဆောင်ပေးသည်။

အလုပ်မှ ပင်ပန်းလာသော လူအများကို မိသားစုနှင့်နွေးထွေးမှုခံစားရရှိစေသည်။ ည၏ဘုရင် လမင်းသည် "သာလည်းတ မသာလည်းတ" ရသော ပြည်သူ့အချစ်တော်ဖြစ်သည်။ "လဆန်း" "လဆုတ်" က ရေတက်ရေကျဖန်တီးပေးသည်။ ရာဇဝင်မှုများသည် "လပြည့်ည" "လမိုက်ည"ပေါ်မှီတည်ဖြစ်ပွားသည်ဆိုသည်။ အချုပ်ဆိုရသော် "ည"သည် ကမ္ဘာလောကကြီးဖြစ်တည်မှု ချိန်ခွင်လျှာညီမျှစေရန်အတွက်ပေါက်ဖွားလာရသော မရှိမဖြစ်အချိန်အတိုင်းအတာဟု ဆိုချင်ပါတော့သည်။

●

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# လပြည့်ညတစ်ည

ဟန်နီချို

(၁) အမှတ်တရဖြစ်ရသော လပြည့်ည (နိဒါန်း)
(၂) လမင်းကြီးနှင့် ကောင်းကင်မြင်ကွင်း
(၃) ပတ်ဝန်းကျင်မြင်ကွင်းများ
(၄) လရောင်ပက်ဖျန်းထား၍ ကြည်နူးဖွယ်ကောင်းပုံ
(၅) ကလေးများ ကစားနေကြပုံ
(၆) လူအများသွားလာလှုပ်ရှားနေကြပုံ
(၇) လပြည့်နေ့အကြောင်း စာပေအရေးအဖွဲ့များကို သတိရပုံ
(၈) သာယာမှုကို ခံစားရင်း အိပ်ရာဝင်ပုံ (နိဂုံး)

ကျောင်းသင်ခန်းစာတို့တွင် မည်မျှနစ်မျောသွားသည်မသိ။ ဦးခေါင်းတစ်ခုလုံး ကိုက်ခဲလာမှ ခေါင်းမော့အနားယူရန် သတိရမိသည်။ မျက်လုံးအစုံကို အနားပေးကာ စာကြည့်စားပွဲရှေ့ မှန်ပြတင်းမှတစ်ဆင့် အပြင်လောကကို ခေတ္တကြည့်လိုက်မိသည်။ ဝိုင်းစက်ပြည့်ဝန်းသော ပုဏ္ဏမီသည် ကောင်းကင်ဝယ်ခန့်ထည်စွာ နေရာယူထားပါပကော။ သော်တာနတ်သမီး၏ ညို့ငင်မှုကြောင့် ခြေလှမ်းတို့သည် ခြံအပြင်ဘက်သို့ အလိုလိုဦးတည်မိသည်။ ထိုအချိန်မှစ၍ ကျွန်မဘဝတစ်လျှောက်လုံး မမေ့နိုင်ဖွယ် အမှတ်တရ လပြည့်ညတစ်ည၏ အလှအပကို တွေ့ကြုံခံစားရပါတော့သည်။

ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံသဲ့သဲ့နှင့်အတူ တစ်ဖက်အိမ်မှ စကားပြောသံများကို ကြားနေရသေးသည်။ လူခြေမတိတ်သေးသဖြင့် လပြည့်ညသည် အသက်ဝင် လှပနေသည်။ အိမ်ရှေ့ကွပ်ပျစ်ပေါ်ထိုင်ရင်း မျက်ဝန်းတို့သည် ငွေစန္ဒာ

mgyoe.com

mgyoe.com

ရှိရာ ကောင်းကင်ပြင်သို့ ကြည့်ရှုမိသည်။ ငွေစန္ဒာ၏ ဆွဲငင်အားသည် မယုံနိုင်ဖွယ် ပြင်းထန်လှပါပေသည်။

ခေတ္တမှ ရည်ရွယ်ကာ ကြည့်မိသော မျက်ဝန်းတို့သည် ကောင်းကင်ပြင်မှ မခွာချင်တော့။ ကြည့်မဝအောင် လှပလွန်းနေပါသည်။ မျက်စိတစ်ဆုံး မြင်နေရသော ကောင်းကင်ပြင်ကြီးတစ်ခုလုံး ရွှေဝါသွေးပြေးနေသည်။ ဝိုင်းစက်လှပသော ငွေစန္ဒာ၏ ရောင်စဉ်တန်းများကြောင့်ပင် ဖြစ်ချေလိမ့်မည်။ ညကလည်း ၎င်း၏ဇာတိကို မဖျောက်ချင်။ ငွေစန္ဒာကလည်း ကောင်းကင်တစ်ခွင်ကို အစွမ်းကုန်အလှဆင်ချင်။ ညနှင့်လ တို့၏ အားပြိုင်မှုကြောင့် ကောင်းကင်တစ်ခွင်လုံးသည် ရွှေဝါသွေးနှင့် ခဲနုရောင် ပေါင်းစပ်ထားသော ရောင်ပြေးတစ်မျိုးဖြင့် အလှကြီးလှနေပေသည်။ ဤကောင်း ကင်ပြင်ကြီးအလှကို မည်သို့သော စာဆိုက မီအောင် စာဖွဲ့နိုင်ပါမည်နည်း။

မြောက်အရပ်ဝယ် တစ်ကိုယ်တည်းအဖော်ဝေးနေရှာသော ကိုဓုဝံလည်း အိပ် ငိုက်လှပေပြီ။ ငွေစန္ဒာကို အဖော်ပြုနေရရှာသော ငွေကြယ်တို့သည်လည်း မလင်း တစ်ချက်၊ လင်းတစ်ချက် ငွေကြယ်တို့အလှနှင့် ငွေစန္ဒာ၏ အလှတို့ ကွာခြားလှပါ တကား။ သို့ပါသော်လည်း အားမတန် မာန်မလျှော့သည့် ငွေကြယ်တို့ စုပေါင်းသည့် အခါ ကောင်းကင်ပြင်ဝယ် စိန်စုစိန်မှုန်တန်းကြီးများ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တည် ရှိနေကြသည့်နှယ်။ ကျရာဘဝတွင် အားမလျှော့တတ်ဘဲ မိမိတတ်စွမ်းသရွေ့ အားမာန်ရှိသ၍ မိခင်ကောင်းကင်ပြင်ကြီးကို အလှဆင်ပေးတတ်ကြသည့် ငွေကြယ် တို့၏ စိတ်ဓာတ်မှာ ချီးကျူးစံပြုဖွယ်ပင်။ ကြယ်ကလေးအသီးသီးတို့ ပျော်ရွှင်စွာ လမင်းကို အဖော်ပြုအလှဆင်ပေးနေကြချိန်တွင် မပျော်နိုင်သူတို့ဘဝသည်လည်း ဝမ်းနည်းစရာပင်။ အတိတ်ဘဝ၏ ဝဋ်ကြွေးကြောင့် ကြယ်ဘဝရောက်သည့်တိုင် ခွဲခွာနေကြရရှာသော မောင်ရင်ဆိုင်းထမ်းကြယ်ကလေးတို့၏ လွမ်းမောဖွယ် ဖြစ်အင်ပင်။ ပျံသန်းနိုင်သော တန်ခိုးစွမ်းအင်တို့ရှိခဲ့ပါလျှင် ကောင်းကင်သို့ပျံတက်၍ ခြားနေသော ကြယ်သုံးပွင့်ကို ဖယ်ရှားပေးလိုက်ချင်ပါတော့သည်။

မျှော်လိုရာမျှော်လျက်ရှိသော စိတ်အာရုံတို့ကို ပြန်လည်စုစည်းမိမှ ပတ်ဝန်း ကျင်အလှကို ဂရုပြုမိသည်။ လှချင်းတိုင်း လှနေသည်မှာ ကောင်းကင်ပြင်ကြီးတစ်ခု တည်း မဟုတ်ပါတကား။ မြင်မြင်သမျှ အရာတိုင်း လှပနေသည်။ မိုးရေသောက် စို့၍ ရွှင်လန်းစိမ်းစိုနေသော ကောက်ပင်တိုတိုကလေးများ၊ လေနုသွေး၏နမ်းရှိုက် မှုကြောင့် ရှက်ရွံ့ယိမ်းနွဲ့နေကြသော သစ်ပင်အုပ်အုပ်ကလေးများ စသည်ဖြင့် မြင်မြင် ရာအားလုံး လှပနေပါပကော။ ယုတ်စွအဆုံး ကျွန်မထိုင်နေရာ ကွပ်ပျစ်ရှေ့မှ လူသွား

mgyoe.com

လမ်းသည့်ပင် လှပနေပေသည်။

နေ့လယ်ခင်းက ရွှာသွန်းသော မိုးစက်ဥကလေးများကြောင့် နုပျိုစိမ်းစိုလျက်ရှိသော သစ်ပင်၊ သစ်ရွက်၊ သစ်ခက်တို့သည် ငွေလရောင်အောက်ဝယ် ကျောက်စိမ်းနုရောင်အသွင်သို့ ပြောင်းလဲနေပေသည်။ မျက်စိပသာဒဖြစ်ဖွယ်ပါတကား။ လသာညသည် အရာအားလုံးကို လှပအောင် ဖန်တီးပြုပြင်ထားသည်။ နေ့လယ်ခင်းအချိန်က မလှပသော အရာတို့သည် ငွေသော်တာ၏ မေတ္တာရောင်ခြည်အောက်ဝယ် ယဉ်ယဉ်လေးလှနေကြသည်။ လှပသော သစ်ရွက်၊ သစ်ခက်၊ ပန်းပွင့်များတို့ မှာဖြင့် ဆိုဖွယ်ရာပင် မရှိပါပေ။ အလှကြီးလှကာ ပြိုင်ဘက်ကင်းသော အလှပိုင်ရှင်များဖြစ်နေကြသည်။ လှပလွန်းသော ပတ်ဝန်းကျင်ဝယ် ထိုင်နေသော ကျွန်မပင် အလိုအလျောက် ပိုမိုလှပလာသည်ဟု ခံစားမိသည်။ ကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းလှပါပေသည်။

ကြည်နူးဆွတ်ပျံ့မှုကို တစ်ဦးတည်း တိတ်ဆိတ်စွာ ခံစားနေစဉ် " ရွှေစွန်ညို ဘာကိုလိုလို့ ဝဲပါတယ်" ဟူသော သံပြိုင်အော်ဟစ်သံတစ်သံ နားစည်အတွင်းသို့ ရိုက်ခတ်လာသည်။ ငြိမ်းချမ်းအေးမြသော လရောင်နှင့် လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားနေမည့် ကလေးငယ်တို့၏ ဟန်ပန်သည် အဘယ်မျှ ပနံရလိုက်ပါမည်နည်း။ စူးစမ်းလိုစိတ်ဖြင့် ကလေးငယ်တို့ဆော့ကစားနေရာ တလင်းပြင်ဘက်ဆီသို့ လျှောက်သွားမိပါသည်။ ရွှေစွန်ညိုကြီးထံသို့ မယ်ထွေးကလေး ပါမသွားစေရန် အားမာန်အပြည့်ဖြင့် ကာကွယ်နေကြပုံမှာ ကြည့်၍ပင်ကောင်းနေသေးသည်။ သူတို့ မျက်နှာကလေးများပေါ်ဝယ် မောပန်းမှုအရိပ်အယောင်ကို အနည်းငယ်မျှပင် ရှာမတွေ့။ သင်ခန်းစာတို့ဖြင့် လုံးထွေးရစ်ပတ်လျက်ရှိသော ဒသမတန်းကျောင်းသူဘဝကို ဖယ်ခွာကာ ကလေးဘဝသို့ ပြန်လည်ရောက်ချင်စိတ်များပင် ပေါ်ပေါက်လာမိသည်။

ကလေးများနှင့်အပြိုင် ဦးကြီးဖြိုးလည်း အားကြိုးမာန်တက် နှီးဖြာနေသည်။ ဦးကြီးဖြိုး၏ ဇနီးကလည်း "လသာတုန်းဗိုင်းငင်" စကားပုံအတိုင်း လရောင်၏ အကူအညီဖြင့် သွက်လက်မြန်ဆန်စွာ ဗိုင်းငင်နေသည်။ ကိုကာလသားအချို့၏ မေတ္တာတေးသီကျူးရန် အပျိုချောတို့၏ အိမ်ရှေ့တွင်"လျှောက်ပြန်သံပေး" ပြုလုပ်နေကြသည့် ဟန်ပန်များကိုလည်း တွေ့မြင်ရပြန်ပါသည်။ " စန်းယုံပွင့်ရယ်၊ လမ်းကြို သင့်လျှင် ညာညာမယ်သို့၊ ချာချာလည် မင်းမောင်ဖြင့် ရူးပြီမို့၊ တိမ်ဦးဝေယံစွန်းဆီက တစ်ခွန်းသူ့ကို ပြောလိုက်ပ စန္ဒာရယ် မောလှပြီ" ဟူသော ကဗျာချိုးကလေးကိုပင် ပြေး၍သတိရမိပါသည်။

mgyoe.com

mgyoe.com

သာယာလှပသော လသာညတစ်ည၏ ပတ်ဝန်းကျင်မြင်ကွင်းများကို ကြည့်ရှုခံစားရင်း လသာည၏ အလှအပကို ရေးဖွဲ့တန်ဆာဆင်ထားသော ကဗျာစာပေ အနုအရွအလှအပများကို သတိရမိပါသည်။ အလွမ်းအဆွေးစာတ်ခံရှိသူ လှိုင်ထိပ်ခေါင်တင် မင်းသမီးလေးသည် ဤလသာညတွင် " စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့၊ မှန်ရွှေပြတင်းက မယ်ခုမျှော်" ဟူသော အလွမ်းဘောလယ်ကို ရေးစပ်ခဲ့သည်။ ဆရာဇော်ဂျီကလည်း " ဖြူလို့ဖွေးပါဘိ၊ ငွေသွေးငွေစနှော်က ရွှေရုံတော်ကြယ်ကလေးတွေနဲ့ အာကာပြင် ကျယ်သရွေ့မှာလ၊ သိမ်မွေ့စွာညီလာခံတော့၊ သူ့တမန်ရောင်ခြည်အေးဆီက တေးစိမ့်၍ယို" ဟု လသာည၏ အလှကို ချစ်စဖွယ် စာဖွဲ့ခဲ့ချေသည်။ လသာည၏ အလှကား စာဆိုပေါင်း မည်မျှ ရေးဖွဲ့၊ ဖွဲ့နွဲ့စေကာမူ မည်သည့်အခါမှ ရိုးစင်းသွားမည့်အလှမျိုးမဟုတ်ပါချေ။

ကလေးငယ်တို့ကစားရာ တလင်းပြင်မှ ပြန်လာခဲ့သည့်အချိန်တွင် ည(၉)နာရီခွဲခန့်ရှိချေပြီ။ ကောင်းကင်ယံကြီးကား လုပဆဲပင်။ သစ်ပင်၊ သစ်ရွက်တို့ထက်ရှိ ငွေလရောင်သည်လည်း ဖိတ်ဖိတ်ထမြဲ။ သို့ပါသော်လည်း ဤလာသာည၏အလှသည် ထာဝရတည်မြဲမည်မဟုတ်။ ငွေစနှော် ဂေါယာကျွန်းသို့ ယွန်းသည်နှင့်တစ်ပြိုင်နက် ဤအလှသည် ပျောက်ကွယ်သွားပေလိမ့်မည်။ နှမြောတသမိပါသည်။ လှပလွန်းလှသော ဤညကလေးကို မကုန်ဆုံးစေချင်။ ထာဝရ တည်မြဲနေစေချင်လှသည်။ ကျွန်မ ပန်းချီကျော်တစ်ဦးဖြစ်ခဲ့ပါလျှင် ဤညကို စုတ်ချက်အနုအရွတို့ဖြင့် ပုံတူကူးကာ ကမ္ဘာကျော်ပန်းချီကားအဖြစ် ကမ္ဘာတစ်ဝန်းလုံးသို့ ပြသလိုက်ချင်ပါဘိ။

အတွေးဆန္ဒတို့ မဆုံးမီ ရွာဦးကျောင်းမှ (၁၀)ချက်တီတီခေါက်လိုက်သော ကုလားတက်သံက လွင့်မြောနေသော စိတ်တို့ကို ပြန်လည်စုစည်းပေးလိုက်သည်။ လက်ရှိဘဝကို ခေတ္တမေ့၍ လသာည၏ အလှအပကို မိန်းမူးနေမိသော ကျွန်မ၏ အာရုံအတွင်းသို့ ကျက်မှတ်ထားသော ကျောင်းစာတို့ တသီတတန်းကြီး ဝင်ရောက်လာသည်။ ငွေစနှော်ကြီးကဲ့သို့ ဆရာဝန်တစ်ဦးအဖြစ်နှင့် လူသားတို့၏ ဘဝကျန်းမာရေးကို အလှဆင်ပေးနိုင်ရန် ကြိုးစားရပေဦးမည်။ ဤခဏတာ လသာညကို မိန်းမောမနေဘဲ တစ်ဘဝလှပရေးအတွက် ကြိုးပမ်းရပေဦးမည်ဟူသော အသိတရားတစ်ခုကို ရင်ဝယ်ပိုက်ကာ အိပ်ရာသို့ ဝင်ခဲ့မိပါတော့သည်။

●

mgyoe.com

mgyoe.com

# လပြည့်ညတစ်ည

ကြည်ဆန်းသီ

(၁) အမှတ်တရဖြစ်ရသော လပြည့်ည (နိဒါန်း)
(၂) လမင်းကြီးနှင့် ကောင်းကင်မြင်ကွင်း
(၃) ပတ်ဝန်းကျင်မြင်ကွင်းများ
(၄) လရောင်ပက်ဖျန်းထား၍ ကြည်နူးဖွယ်ကောင်းပုံ
(၅) ကလေးများ ကစားနေကြပုံ
(၆) လူအများသွားလာလှုပ်ရှားနေကြပုံ
(၇) လပြည့်နေ့အကြောင်း စာပေအရေးအဖွဲ့များကို သတိရပုံ
(၈) သာယာမှုကို ခံစားရင်း အိပ်ရာဝင်ပုံ (နိဂုံး)

'လ' သည် အေးမြသော ရောင်ခြည်တန်းတို့ကို ပေးစွမ်းနေသော ကမ္ဘာကြီး၏ ဂြိုဟ်ရံတစ်ခုပင်ဖြစ်ပါသည်။ ထိုလသည် (၂၈) ရက်တစ်ကြိမ် ၎င်း၏ အသာယာဆုံး အလင်းဆုံး ရောင်ခြည်တို့ဖြင့် ရစ်ပတ်လွှမ်းခြုံလေ့ရှိပါသည်။ ထိုညသည်ကား လပြည့်ညပင်တည်း။ လကို လူသားတိုင်းသိ၍ လသာညကို လူသားတိုင်း တွေ့ထိခံစားဖူးကြပေမည်။ လူသားထဲက လူသားတစ်ယောက်ဖြစ်သော ကျွန်မသည်လည်း လသာညများကို ကြုံဖူးပါသည်။ ခံစားဖူးပါသည်။ ထိုအထဲတွင်မှ တစ်ခုသော လသာညသည်ကား အမှတ်တရဖြစ်လျက်ရှိပေသည်။ ကျွန်မ၏ နှလုံးအိမ်ဝယ် စွဲထင်၍ နေပေပြီ။

ကျွန်မ အဋ္ဌမတန်းစာမေးပွဲဖြေအပြီး နွေရာသီကျောင်းပိတ်ရက်တွင် ကျွန်မ၏ ဆွေမျိုးများရှိရာ ကျောက်တန်းမြို့နယ်အတွင်းရှိ သောင်ကြီးရွာသို့ အလည်တစ်

mgyoe.com

mgyoe.com


ခေါက်ရောက်ခဲ့ပါသည်။ မြို့မှာကဲ့သို့ လျှပ်စစ်မီး ထိန်ထိန်ညီးခြင်း မရှိသော တောရွာ၏ညကို ကျွန်မ ပျင်းရိမိခဲ့ပါသည်။ " ဒီအချိန်ဆို (၇)နာရီ တရုတ်ကားကြည့်နေရမှာ" ဟူ၍လည်း တွေးမိပါသည်။ တောမှ မောင်နှမများနှင့်လည်း ရင်းနှီးမှုမရှိ၊ လူကြီးများနှင့်လည်း ရောနှော၍ မနေလိုသောကျွန်မသည် ခြံထဲသို့ဆင်းကာ သရက်ပင်အောက်ရှိ ကွပ်ပျစ်လေးပေါ်တွင် တစ်ယောက်တည်း ထိုင်နေမိပါသည်။ ဟိုဟိုသည်သည်ကြည့်ရင်း ကျွန်မ၏ အာရုံသည် ကောင်းကင်ပြင်သို့ မျှော်ကြည့်လိုက်မိပါသည်။

ထိုညသည်ကား လပြည့်ညပင်တည်း။ လပြည့်ညကောင်းကင်ပြင်ဝယ် ကြယ်တာရာတို့ကား လင်းလက်၍ တောက်ပနေလေသည်။ မဟူရာ ကမ္ဘလာထက်ဝယ် စိန်တုံးကြီးကိုရံကာ ဖြန့်ကြက်ထားသော စိန်ပွင့်လေးများနှယ် တင့်တယ်လှပေသည်။ လနတ်ဘုရင်မကြီးကား ကြယ်တာရာလေးများနှင့် ပွဲသဘင်ခံနေသည့်အလား ထင်မှတ်မှားမိစေပါသည်။ ပုဏ္ဏမီဟူ၍ပြောပြော၊ စန္ဒာလနတ်သားဟုဆိုဆို သီတဂူရွှေလသည်ကား ထက်ဝန်းကျင်အာကာနန်းဝယ် အလှပဆုံး အတင့်တယ်နိုင်ဆုံးပင်တည်း။ " ဘယ်သူပြိုင်လို့လှပါတော့နိုင်" ဟူ၍ ဝံ့ကြွားနေလေသည်။ "သာစွ လပြည့်ညပါတကား"။ အခါတိုင်းက သတိမထားမိခဲ့သော လပြည့်ညများကို လွန်စွာနှမြောမိခဲ့သည်။ လပြည့်ည၏ရှုခင်းအစုံစုံက ကျွန်မ၏ စိတ်အာရုံကို ညို့ငင်လိုက်လေပြီ။

လသူဇာနတ်ဘုရားက အာကာနန်းထက်ဝယ်သာ အလှကြွယ်နေသည်မဟုတ် မြေကမ္ဘာလာပေါ်ဝယ် အလှတရားတို့ကို ဖြန့်ကြက်ထားလေသည်။ မိုးအောက်မြေပြင်အလှဆင်သော လသာညပါတကားဟု နှုတ်က ကျူးရင့်မိပါသည်။ ညမင်းသားငှက်အပေါင်းတို့ကလည်း ရွှေလမင်း၏ အလှဘွဲ့ကို သီကျူးသည့်နှယ် အော်မြည်၍ နေလေသည်။ လရောင်ဆမ်းသော မာလာပန်းတို့ကလည်း သင်းထုံသောရနံ့တို့ကို ဝန်းကျင်တစ်ခွင့် ပျံ့သင်းစေလေပြီ။ လေအဝှေ့တွင် လေညင်းက ပန်းသတင်းကို ဆောင်ယူလာလေပြီ။ ဆောင်တော်ကူးတို့ကား ညဝယ်အသင်းပျံ့ဆုံးသော ပန်းဘုရင်မလေးပင်။ ငွေရည်ဆမ်းသော သစ်ရွက်သစ်ပင်တို့သည်ကား မျက်စိပသာဒကို အမြင်ဆန်းစေပါသည်။ "အုန်းတန်းပေလက်၊ တမာရွက်တို့ ရွှေစက်ရွှေပြောက် ရွှေရည်သောက်၏" ဟူ၍ ခေတ်စမ်းစာဆိုတစ်ဦးက ဖွဲ့ဆိုထားသည်ဟု ကြားဖူးပါသည်။

လရောင်အောက်မှ ရွာလယ်လမ်းမကြီးကိုလည်း လှမ်း၍မြင်နေရပါသည်။ လရနံ့သင်းသော လေနုအေးတို့ကလည်း ကျီစားတိုက်ခတ်လျက်။ လေအဝှေ့တွင် ရွာလယ်တွင် ဆော့ကစားနေသောကလေးများ၏ အသံကိုလည်း ကြားလိုက်ရ၏။

mgyoe.com

mgyoe.com


"ညောင်ပင်တစ္ဆေဝေလေလေ" ဟူသော အော်သံများကိုလည်း ကြားနေရသေးသည်။ လသာညတွင် ဆော့ကစားခွင့်ရသော သူတို့လေးတွေသည် မည်မျှပျော်ရွှင်နေမည်နည်း။ မောပန်းရမှန်းပင်သိမည်မဟုတ်ပေ။ မြို့တွင်နေထိုင်သော ကလေးများမှာမူ လသာ၊ လမိုက်ပင် ခွဲခြားနိုင်၊ မနိုင်မသိပါ။ မသမာသူပေါ်များသော မြို့ကြီးပြကြီးဝယ် သူတို့လေးတွေ အပြင်ထွက်ခွင့်ရမည်မဟုတ်ပေ။ တောရွာ၏ သာမန်ဘဝကား သာ၍နှစ်ခြိုက်ဖွယ် ကောင်းလေစွ။ ဆရာလေးကိုကြည်နိုင်အိမ်မှ စာအံနေကြသော အလယ်တန်းကျောင်းသူကျောင်းသားကြီးများ၏ အသံကိုလည်းကြားနေရပါသေးသည်။ သာစွလပြည့်ညပါတကား။

လပြည့်ညတွင် ပလွေသံချိုချိုကိုလည်း ကြားနိုင်ပေသည်။ မယ်ဒလင်သံငြိမ့်ငြိမ့်ညောင်းကို နားဆင်နိုင်ပေသည်။ ကျွန်မ၏ အစ်မဝမ်းကွဲ'မလေး'ကို ပိုးပန်းနေကြသော ကိုလူပျိုတို့ပင်တည်း။ အိမ်ရှေ့တွင်ရက္ကန်းရက်နေသော 'မလေး၏ လက်ခတ်သံ'ကား သူတို့ကို ဆွဲဆောင်ထားသည်။ မလေးကလည်း မိန်းမသားပီပီ သိမ်မွေ့၍ ရက်နေသည်နှင့်တူပါသည်။ တောရွာ၏ လူပျိုကာလသားနှင့် လုံမပျိုတို့၏ ဆက်ဆံရေးကား နှစ်သက်ဖွယ်ကောင်းလေစွ။ မလေးက လသာတုန်းမိုင်းငင်ချိန်တွင် အစ်ကိုကာလသားတို့က အချိန်ရှိခိုက်လုံ့လစိုက်နေသည်ဟုထင်မိကာ အတန်ငယ်ပြုံးမိပါသေးသည်။

ဘကြီးသာလှ၏ အိမ်ရှေ့ကွပ်ပျစ်ဝယ် လူစည်ကားနေသည်။ "သက်ကြီးစကား သက်ငယ်ကြား" ကာ ကျေးရွာ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမှစကာ ရပ်ရေးရွာရေးအစုစုကို တိုင်ပင်သမှုပြုနေကြလေသည်။ ကျွန်မ၏ မိဘနှစ်ပါးလည်း ဘကြီးအိမ်ဝယ် သွားရောက်နှုတ်ဆက်နေလေသည်။ ဘကြီးသာလှသည် ရေနွေးကြမ်းနှင့်ပဲကြီးလှော်တည်ခင်းကာ ဧည့်သည်များကို ဧည့်ဝတ်ပြုနေသည်။ ချစ်စရာဖြူစင်သော မြန်မာ့စရိုက်ပင်တည်း။ "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနား" တတ်သော ရွှေမြန်မာတို့၏ စေတနာအလှကို လသာညတွင် ခံစားလိုက်ရပါသည်။

ညဉ့်သည်ကား တဖြည်းဖြည်းနက်သထက်နက်လာသည်။ ရွာလယ်မှ ကလေးတို့၏ အသံများ တိတ်ဆိတ်စပြုလာပြီ။ မလေးလည်း သူ၏အလုပ်ကို လက်စသတ်လေပြီ။ ဘကြီးသာလှ၏အိမ်တွင်လည်း လူအချို့ပြန်စပြုလေပြီ။ ရွာ၏တစ်နေရာတွင် ချစ်သူစုံတွဲအချို့ ချစ်တုံ့လှယ်နေကြပေမည်။ ကျောင်းကြီးပိတ်၍ ရွာသို့ပြန်လာကြသော ကျောင်းသူကျောင်းသားအချို့လည်း လမင်းကြီးကိုကြည့်ကာ ချစ်

mgyoe.com

mgyoe.com


သူကို လွမ်းဆွတ်နေကြပေမည်။ လမင်းကြီးကိုကြည့်ရင်း ကောင်းကင်ပြင်ဝယ် ချစ်သူ့မျက်နှာပေါ်လာကောင်းပေါ်လာပေမည်။ "ဖိုးလမင်းကိုအောင်သွယ်ခိုင်းရမယ်" ဟု ဆိုသူဆိုပေမည်။ "မောင့်လပြည့်ဝန်း" ဟု ညည်းသူက ညည်းနေကြပေမည်။ အိမ်ပြန်နောက်ကျသော ခင်ပွန်းသည်ကို အိမ်သူသက်ထားဇနီးမယားတို့က စိုးရိမ်စိတ်များ ဝင်နေကြသည်။ "ဘယ်သဝေထိုးနေလဲ" ဟု ကရုဏာဒေါသဖြင့် ကြိမ်းဝါးနေကြပေမည်။ လသာညဝယ် အလှအပ၊ လှုပ်ရှားမှုများသာမက လူတို့၏ ခံစားချက်ကား ကွဲပြားလှပါတကားဟူ၍သာ ကျွန်မအာရုံတင်မှတ်မိပါသည်။

လပြည့်ညကို ခံစားရင်း "စိန်ခြူးကြာညောင် လရောင်တွေလင်းပါလို့ မှန်ရွှေပြတင်းရယ်က မယ်ခုမျှော်" ဟူသော အိမ်ရှေ့မင်းသမီးကလေး လှိုင်ထိပ်ထား၏ အလွမ်းကို ရိပ်စားမိလာသည်။ လပြည့်ညကိုကြည့်ရင်း မင်းသမီးလေး၏ ရင်ဝယ် အလွမ်းဒဏ်ကို ခံစားလာရသည်နှင့် တူပါသည်။ လပြည့်ညသည်ကား လူကို ပျော်ရွှင်ကြည်နူးစေသလို လွမ်းမောတမ်းတစေလေသည်။ "လွမ်းခလေ့၊ မျှော်၍ငယ်စဉ်ပင်၊ မိုးယံဝဝယ်၊ လကိုမြင်၊ ကြယ်စင်မဟုတ်ဘူး။ လွမ်းသည့်မောင်၊ စောရွှယ်လူး" ဟူ၍ ထင်ရှားလှသော စာဆိုစစ်သည်ကြီးမြဝတီမင်းကြီးဦးစကိုယ်တိုင် လွမ်းခဲ့ဖူးပါသည်။ ဆွေး ခဲ့ဖူးပါသည်။ "မှန်သွင်ငုံ့ရှု၊ နုထက်နုအောင်၊ တယုတယ၊ တသသနှင့် ငွေလဖြူဖြူ၊ ပျိုသည့်မူကို၊ ဆင်ယူခုခါ၊ သူ့မျက်နှာသည်၊ မိုးမှာရေဝယ် ပြုံးပြုံးတည်း" ဟူ၍ လည်း ဆရာဇော်ဂျီက လကိုကြည့်ကာ ကဗျာအနုဖြင့် စာပြုခဲ့လေသည်။ "စန်းယုံ ပွင့်ကြုံ၊ လမ်းကြုံသင့်လျှင်၊ ကညာမယ်သို့၊ ချာချာလည် မင့်မောင်ရှူးပြီမို့ တိမ်ဦး ဝေယံစွန်းဆီက တစ်ခွန်းသူ့ကိုပြောလိုက်ပ၊ မောလှပြီမို့" ဟု လမင်းကြီးကို အမှာ စကားပါးသော စာဆိုတော်တို့၏ စာများကိုလည်း လပြည့်ညတွင် ကျွန်မ သတိရ လိုက်မိပါသည်။ "မိုးပေါ်မှာကြယ်တစ်လုံး၊ တိမ်ဖုံးပါလို့ လမသာ၊ သာတဲ့ခါ သာပါလိမ့်၊ နတ်ဒေဝါသူဖန်ဆင်းတယ်၊ ဖိုးရွှေလမင်း" ဟူသော ကဗျာအပိုင်းအစ လေးသည်လည်း လကို တိမ်ဖုံးသွားသည့်အခါတိုင်း ကျွန်မနှုတ်ဝယ် အလိုအလျောက် တွဲခိုလာလေသည်။ "ရွှေလမှာယုန်ဝပ်လို့၊ ဆန်ဖွပ်သည့်အဘိုးအို၊ ဟောကြည့်ပါဆို၊ ဆိုသာဆို ပိုမိုသည့်စကား၊ ကလေးအငိုတိတ်အောင်၊ အရိပ်အယောင်ပြတယ်၊ ဖိုးလနတ်သား" ဟူသော မေမေဆို၍ ကျွန်မအားချော့ခဲ့သည့် သီချင်းလေးသည်လည်းကောင်း၊ "ထမင်းဆီဆမ်းရွှေလင်ပန်းနဲ့ပေးပါ . . . ဝါး . . . ဝါး" ဟု အော်ခဲ့သော ကဗျာလေးများသည်လည်းကောင်း "ညအခါ လသာသာတွင်" ဆော့ကစားခဲ့သော ကျွန်မ၏ ငယ်ဘဝကို သတိရမိစေပါသည်။

mgyoe.com

mgyoe.com

ဖေဖေ၊ မေမေတို့လည်း ဘကြီးသာလှ၏ အိမ်မှ ပြန်လာလေပြီ။ ညည့်သည်လည်း တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေပြီ။ ရွာမှ လူသံများကိုလည်း မကြားရတော့ပေ။ လမင်းကြီးကတော့ ဣန္ဒြေရရ သာဆဲ။ ကျွန်မလည်း လပြည့်ည၏ သာယာမှုကို ခံစားဆဲပင်။ ထိုအခိုက် " သမီးလေး ညဉ့်နက်လှပြီ၊ အိပ်ရာဝင်ကြစို့" ဟူသော မေမေ၏အသံကို ကြားလိုက်ရသည်။ အဖိုးတန်လှသော လပြည့်ည၏ သာယာမှုကို အိပ်စက်ခြင်းဖြင့် မကုန်ဆုံးလိုသော်လည်း မေမေ၏စကားကို မလွန်ဆန်ဝံ့ပါသောကြောင့် ဆွေမျိုးများအသင့်ပြင်ထားသော အိပ်ရာသို့ ဝင်ရောက်အိပ်စက်လိုက်ရပါတော့သည်။ သို့ပါသော်လည်း လပြည့်ည၏အလှနှင့်တကွ ရှုခင်းအဖုံဖုံတို့ကား ကျွန်မ၏စိတ်အစဉ်ကို ယခုတိုင် စိုးမိုးလျက်ပင်။ လပြည့်ညကို ခုံမင်စွာ ခံစားတတ်လာသော ကျွန်မသည် အခွင့်အရေးရှိတိုင်း ကြည်နူးမှုဖြင့် ခံစားဆဲပင်။ မည်သို့ပင်ဆိုစေကာမူ ထိုနေ့၊ ထိုရက်၊ ထိုတောရွာတွင် ကြည်နူးစွာ၊ ပျော်ရွှင်စွာ ခံစားခဲ့ရသော လပြည့်ညတစ်ညကို ကျွန်မဘယ်ဘဝ၊ ဘယ်ဌာနရောက်ရောက် မေ့ပျောက်နိုင်တော့မည်မဟုတ်ပါချေ။ အသက်နှင့်ကိုယ် တည်မြဲနေသမျှ ကြည်နူးစွာ မှတ်မိနေမည်သာဖြစ်ပါတော့သည်။

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သဘာဝပတ်ဝန်းကျင်အလှ

ဝေမွန်ကျော်

(၁) သဘာဝပတ်ဝန်းကျင်ဟူသည်
(၂) ရေ၊ မြေ၊ ကောင်းကင်၊ သစ်ပင်၊ ပန်းပင်၊ တောတောင်တို့၏ အလှများ
(၃) လူအများက ပတ်ဝန်းကျင်၏အလှကို ခံစားတတ်ကြပုံ
(၄) စာဖွဲ့ကြပုံ
(၅) မှတ်သားဖွယ်ရာ စာပေအဖွဲ့များ
(၆) သဘာဝပတ်ဝန်းကျင်အလှနှင့် မိမိခံစားမှု

သဘာဝအလှဆိုသည်မှာ လူတို့ဖန်တီးထားခြင်းမဟုတ်ဘဲ သူတို့အလျောက် တည်ရှိနေသော အလှတရားများကို ခေါ်ဆိုခြင်းဖြစ်သည်။ လူတို့သည် ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့်နေရသူများဖြစ်ရာ မိမိတို့ပတ်ဝန်းကျင်ရှိ သဘာဝအလှတရားများသည်လည်း မြတ်နိုးဖွယ်ရာများပင် ဖြစ်ပါသည်။ သဘာဝအလှများသည် လူသားတို့အတွက် သဘာဝတရားကပေးသော လက်ဆောင်မွန်များ ဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ သဘာဝအလှများသည် အဖိုးအနဂ္ဃထိုက်သော အလှတရားများပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ရှုမောမဆုံးနိုင်သော အလှတရားများဖြင့် ပြည့်နက်နေပေသည်။ လူတိုင်းတွင် မြင်နိုင်သောမျက်စိ၊ ကြားနိုင်သောနား၊ ခံစားတတ်သော အသည်းနှလုံးရှိကြရာ မိမိတို့ဝန်းကျင်ရှိ သဘာဝကပေးထားသော အလှတရားများကို ရှုစားခံစားနိုင်ရပေမည်။ အလှကို ကိုယ်တိုင်ဖန်တီးနိုင်စွမ်းမရှိသော်လည်း အလှကိုမူ လူတိုင်းခံစားတတ်ကြသည်။ မိမိနှင့် အနီးဆုံးပတ်ဝန်းကျင်ရှိ

mgyoe.com

mgyoe.com

အလှတရားများကို ခံစားနိုင်ပါမှ မိမိနှင့်ဝေးကွာသော အရပ်ဒေသများရှိ အလှတရားများကိုလည်း ခံစားနိုင်ပေမည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် သဘာဝအလှအမျိုးမျိုးတည်ရှိနေပေသည်။ သစ်ပင်ပန်းပင်များ၏ လှပစွာ ဖူးပွင့်နေပုံ၊ တိမ်တို့ လှပနေပုံ၊ စမ်းရေအေးတို့ စီးဆင်းနေပုံမှာ သဘာဝအလှများပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ အမိနိုင်ငံ မြန်မာပြည်ကိုပင် ရှုပါလော့၊ သဘာဝအလှများဖြင့် ပြည့်နှက်နေသော ပန်းချီကားတစ်ချပ်ပမာ လှပတင့်တယ်နေပေသည်။ မည်သည့်အရှေ့တောင်အာရှနိုင်ငံတွင်မှမရှိသော ဆီးနှင်းဖုံးတောင်များကို မြန်မာနိုင်ငံမြောက်ဘက်စွန်း တောင်တန်းများအကြားတွင် တွေ့နိုင်သည်။

မြန်မာနိုင်ငံမြောက်ပိုင်းတွင် တောင်များက နေရာယူထားသကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းတွင် တောများက နေရာယူလျက်ရှိသည်။ တစ်နိုင်ငံတည်းမှာပင် ကုန်းမြင့်၊ တောင်ပေါ်၊ မြေပြန့်၊ မြစ်ဝကျွန်းပေါ် စသည်ဖြင့် ဒေသလေးများ တည်ရှိနေသည်မှာ မြန်မာနိုင်ငံအား သဘာဝတရားကပေးသော သဘာဝအလှများပင်ဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အလှများကား စာဖွဲ့မကုန်ပေ။ မြောက်ဘက်တွင် ဆီးနှင်းများဖုံးလွှမ်းနေသော တောင်များ၊ မြောက်မှတောင်သို့ သွယ်တန်းနေသော တောင်စဉ်တောင်တန်းများကို ရှုမောဖွယ်တွေ့မြင်နိုင်ပေသည်။ ထိုတောင်တန်းများဆီမှ အခြေတည်ကာ စီးဆင်းလာသော မေခနှင့် မလိခမြစ်တို့ ပေါင်းဆုံရာမှ ကျွန်ုပ်တို့နိုင်ငံ၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ် ဖြစ်ပေါ်လာသည်။ မြန်မာနိုင်ငံ၏ မြောက်မှတောင်သို့ စီးဆင်းနေသော ဧရာဝတီမြစ်သည် ကျွန်ုပ်တို့အတွက် အဖိုးတန်သော သဘာဝအလှတစ်ခုပင် ဖြစ်သည်။

မိုးခေါင်ရေရှား အလယ်ပိုင်းဒေသကို ဖြတ်သန်းစီးဆင်းသွားသော ဧရာဝတီမြစ်မှရေကို အလယ်ပိုင်းသားတို့ သုံးစွဲကြသည်။ ဧရာဝတီမြစ်ရေကို စုန်၊ ဆန်သွားနေသော သင်္ဘောများက ဧရာဝတီမြစ်၏ အသုံးဝင်ပုံကို ဖော်ပြနေသည်။ ဤသို့လျှင် သဘာဝတရားကပေးသော အလှတို့သည် လူသားတို့အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပေသည်။

တောတောင်များဖြင့် လှပနေသော မြန်မာနိုင်ငံတွင် အနောက်ရိုးမ၊ အရှေ့ရိုးမ၊အလယ်ရိုးမဟူ၍ ရိုးမတော(၃)ခုလည်း ရှိပေသည်။ အဖိုးတန် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ အင်ကြင်းပင်များကို ဤရိုးမတောများထဲတွင် အမြောက်အမြားတွေ့နိုင်ပေသည်။ ရှားပါးသစ်ပင်များ၊ ရှားပါးပန်းပင်များကို ဤတောနက်များထဲတွင် တွေ့

mgyoe.com

နိုင်ပေသည်။ ဆေးဝါးထုတ်လုပ်ရာတွင် လိုအပ်သော အဖိုးတန်ဆေးပင်များကိုလည်း ရရှိနိုင်သည်။ တောတောင်များဖြင့် သာယာနေသကဲ့သို့ အဖိုးတန်သယံဇာတပေါများသော မြန်မာနိုင်ငံကား သဘာဝအလှမျိုးစုံ ကြွယ်ဝနေပေသည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် သာယာလှပသော ကမ်းခြေများတည်ရှိနေသည်။ ငပလီကမ်းခြေ၊ ကမ်းသာယာကမ်းခြေတို့တွင် လူတို့ဖန်ဆင်းထားခြင်းမဟုတ်သော အလှများ၊ သဘာဝအလှများဖြင့် ပြည့်နှက်နေသည်။ ဖြူလွလွ လှိုင်းကြက်ခွပ်လေးများက သဲသောင်ပြင်ကမ်းခြေကို ရိုက်ခတ်လိုက်တိုင်း လှိုင်းသံတိုးတိုးလေးကို ကြားနေရသည်။ သဘာဝအရတည်ရှိနေသော ပင်လယ်ကမ်းခြေဖြစ်ရာ သဘာဝအလှဖြင့် ပြည့်နေသည်မှာ မထူးဆန်းလှပေ။ အလေ့ကျပေါက်နေသော အုန်းပင်များကိုလည်း စိတ်ကြည်နူးဖွယ် မြင်ရပေသည်။ ပင်လယ်ကမ်းခြေ သဲသောင်ပေါ်တွင်ထိုင်ကာ နေဝင်ဆည်းဆာအလှကို ကြည့်ရသည်မှာ စိတ်ကြည်နူးဖွယ်ကောင်းလှပေသည်။ အနောက်ဂေါယာကျွန်းသို့ ဝင်ရောက်နေသော နေ၏ရောင်ခြည်များက ပင်လယ်ရေပြင်ပေါ်ဝယ် ဖြာထွက်ကျရောက်နေပေသည်။ ထို့အတူပင် ဧရာဝတီမြစ်အောက်ပိုင်း ဧရာဝတီတိုင်းရှိ ချောင်းသာကမ်းခြေမှာလည်း သဘာဝအလှတို့ပြည့်စုံရာနေရာတစ်ခုပင်ဖြစ်ပေသည်။

ရှမ်းတောင်တန်းများကို ရှုကြည့်လိုက်ပါ။ ညို့မှိုင်းနေသော တောင်များ၏ အခိုးအငွေ့များက ရှုကြည့်နေသူ၏ စိတ်အာရုံကို ညို့ယူဖမ်းစားနေပေမည်။ ရှမ်းပြည်နယ်၏ အထင်ကရ အင်းလေးအိုင်မှာ မြန်မာကသာမက ကမ္ဘာကပါ မြတ်နိုးကြရသော အလှတစ်ခုပင်ဖြစ်ပေသည်။ အင်းလေးအိုင်ပေါ်တွင် အိမ်ဆောက်နေထိုင်ပုံများ၊ ကျွန်းမျောများပေါ်တွင် စိုက်ပျိုးရေးလုပ်ကြပုံ၊ ခြေဖြင့်လှေလှော်ကြပုံတို့မှာ ကမ္ဘာကအံ့သြရသော သဘာဝတရားက ပေးထားသည့် အလှများပင်ဖြစ်ပေသည်။ ရှမ်းရိုးမတောထဲတွင် အလေ့ကျပေါက်ကြသော ချယ်ရီပန်းများ၊ နေကြာပန်းအရိုင်းများကိုလည်း တွေ့နိုင်သည်။

တောတောင်များသာမက ရေတံခွန်များ၊ ရေပူစမ်းများ စသည့် သဘာဝအလှများလည်း တည်ရှိနေသည်။ ပိတ်ချင်းမြောင်ရေတံခွန်၊ ပွဲကောက်ရေတံခွန်၊ လောပိတရေတံခွန်များကိုလည်း သာယာရှုမောဖွယ် တွေ့နိုင်ပေသည်။ ထို့အပြင် လားရှိုးရေပူစမ်း အစရှိသော ရေပူစမ်းများကိုလည်း တွေ့နိုင်သည်။ သဘာဝအလျောက်ဖြစ်ပေါ်နေသော ဘုရင့်ညီဂူ၊ ပင်းတယဂူ စသော ဂူများကိုလည်း သဘာဝအလှများအဖြစ် တွေ့နိုင်ပေသည်။

mgyoe.com

mgyoe.com

တောင်ဇလပ်ပန်းတို့ မွှေးပျံ့ရာ ချင်းတောင်မှာလည်း သဘာဝအလှတို့ ပေါကြွယ်ဝရာအရပ်ဖြစ်သည်။ တောင်ဇလပ်ပန်း အနီ၊ အဖြူများသာမက ရှားပါးကျေးငှက်တိရစ္ဆာန်များကိုလည်း တွေ့နိုင်သည်။ အသည်းပုံရေကန်တည်ရှိရာ ချင်းတို့ဌာနေကား သဘာဝဝန်းကျင်အလှများ ပြည့်နှက်နေပေသည်။ အင်းတော်ကြီးအိုင် ဘေးမဲ့တောများ၊ ပုပ္ပားတောင် ဘေးမဲ့တောများကို ထားရှိပေးထားရာ ကျေးငှက်သားရဲတိရစ္ဆာန်တို့ဖြင့် လှပနေပေတော့သည်။

တောတောင်ရေမြေသဘာဝအလှသာမက ကောင်းကင်၊ တိမ်တိုက်အလှများသည်လည်း သဘာဝပတ်ဝန်းကျင်အလှများပင်ဖြစ်ပေသည်။ အရုဏ်ဦးနေထွက်ချိန်တွင် ကောင်းကင်၌ ပုစွန်ဆီရောင်ဖြင့် လှပနေသော တိမ်တိုက်များကို တွေ့နိုင်ပေသည်။ ပြာလဲ့လွင်လွင်တိမ်တိုက်လေးများ၊ ဝါဂွမ်းပုံကဲ့သို့ တိမ်တိုက်များကလည်း လှပနေသော မိုးကောင်းကင်ကို အလှရည်များ ထပ်သွန်းလောင်းနေပေသည်။ ညနေဆည်းဆာချိန်တွင် နေရောင်ခြည်တို့ ကွဲထွက်ကာ တိမ်တောက်နေပုံမှာ ဆွတ်ပျံ့ဖွယ်ကောင်းလှပါသည်။ ထို့ကြောင့်ပင် –

" တိမ်ညိုမိုလ္လာ၊ တိမ်စူကာနှင့်
တိမ်ပြာရောယှက်၊ မရမ်းဖက်၍
တိမ်သက်တံရောင်၊ အဝါပေါင်ဝယ် "

ဟု စာဆိုတို့က တိမ်တောက်ချိန်အလှကို ရေးဖွဲ့နေခဲ့ခြင်းဖြစ်ပေသည်။

သဘာဝအလှတရားများဖြင့် ပြည့်စုံနေသော ဤမြန်မာပြည်၏အလှကို မြန်မာလူမျိုးတို့၏စိတ်ထားက ပို၍ထင်ရှားစေပေသည်။ ဖော်ရွေပျူငှာသော၊ စိတ်ဖြူသဘောဖြူသော၊ ရိုးသားပွင့်လင်းသော ချစ်စဖွယ် မြန်မာ့ခလေ့တို့က ဤသဘာဝအလှများကို အသက်ဝင်နေစေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အလေးအမြတ်ပြုတည်ထားသော စေတီတော်များကို ဤသဘာဝအလှများနှင့် ယှဉ်တွဲထင်ဟပ်ကြည့်ပါက မည်သို့မျှပနံ့ရလိုက်မည်နည်း။

ဤသို့လှပမှုပေါင်းစုံရာ ကျွန်ုပ်တို့ပတ်ဝန်းကျင်သည် သဘာဝအလှတရား၏ အလေးပေးမှုကို ခံရ၍ အလှပေါင်းစုံပြည့်နေခြင်းဟု ထင်မိပေသည်။ မြန်မာနိုင်ငံ၏ အားထားရာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်တို့က ကျွန်ုပ်တို့ ပတ်ဝန်းကျင်အလှကို ဆောင်ခတ်ပေးထားသကဲ့သို့ ရှိနေပေသည်။ သဘာဝပတ်ဝန်းကျင်အလှတို့ကို ရှုမောဖွယ်မြင်တွေ့ရသူတို့မှာ စိတ်ထဲ၌ ကြည်နူးအေးချမ်းမှုကို ခံစားရပေမည်။ ကျွန်ုပ်အဖို့မူ ဤအလှတရားတို့သည် လူတို့၏စိတ်ကို စိုပြည်

mgyoe.com

လန်းဆန်းစေသည်။ ဆွတ်ပျံ့ကြည်နူးစေသည်။ ချစ်ခင်မြတ်နိုးမိစေသည်။ ဤသို့ သဘာဝအလှတရားများက ဖန်ဆင်းထားသော ပန်းမန်များ၊ သားရဲတိရစ္ဆာန်များ၊ ကျေးငှက်များကို မြင်တွေ့ရပါက သာမန်လူမဆိုထားဘိ ရသေ့သူတော်စင်များပင် ရှာန်ယိုင်လျှောနိုင်ပေသည်။ ထို့ကြောင့် " ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊ ဉာဏ်မခိုင်ရှာန်ယိုင်လျှောရတယ် " ဟု ဆိုချင်ပါသည်။

ထို့ကြောင့်ပင် သဘာဝပတ်ဝန်းကျင်အလှများပြည့်စုံရာ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အလှများကို ထိန်းသိမ်းရမည်။ မြတ်နိုးရပေမည်။ သဘာဝအလှဟူသည် လူတို့မဖန်တီးနိုင်သည့်အတွက် တန်ဖိုးထားသင့်သည်။ ထို့ကြောင့် သဘာဝအလှတရားများဖြင့် ပြည့်နှက်နေသော ကျွန်ုပ်တို့ဝန်းကျင်သည် သာယာကြည်နူးဖွယ်ကောင်းကြောင်း တွေးမိတိုင်း ထိုသဘာဝအလှများကို ထိန်းသိမ်းသင့်ကြောင်း အမြဲအမှတ်ရနေမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ခေတ်မီတိုးတက်နေသော ကျွန်ုပ်ပတ်ဝန်းကျင်

ကြည်ဆန်းသီ

(၁) မိမိ၏နေရပ်
(၂) ပတ်ဝန်းကျင်မြင်ကွင်းများ
(၃) ခေတ်မီတိုးတက်ခြင်း မရှိသေးသော ယခင်အခြေအနေ
(၄) ယခု ခေတ်မီတိုးတက်နေသော အခြေအနေ
(၅) မိမိအတွေးနှင့် ခံစားမှု

"လူသည် ကျွန်းမဟုတ်" ဟုဆိုသော သိုးဆောင်းစကားပုံကို လူတိုင်း ကြားဖူးပါလိမ့်မည်။ မှန်ပါသည်။ လူသည်ကား ကျွန်းမဟုတ်ပါချေ။ အထီးတည်း တစ်ယောက်တည်းနေ၍မရပါချေ။ လူဟူသည် ပေါင်းသင်းဆက်ဆံရေးသတ္တဝါဖြစ်သည်နှင့်အညီ လူအချင်းချင်းသော်လည်းကောင်း၊ လူနှင့်တိရစ္ဆာန်တို့သော်လည်းကောင်း ဆက်သွယ်ပေါင်းစည်းနေကြသည်။ အသိဉာဏ်မြင့်မားသော လူယဉ်ကျေးများဖြစ်သည်နှင့်အညီ သက်မဲ့ပစ္စည်းများကိုလည်း အသုံးဝင်အောင်၊ တိုးတက်အောင် ပြုလုပ်၍ အသုံးပြုကြသေးသည်။ ဤသို့ဖြင့် လူတိုင်းလူတိုင်းတွင် သက်ရှိပတ်ဝန်းကျင်နှင့် သက်မဲ့ပတ်ဝန်းကျင်ဟူ၍ နှစ်မျိုးနှစ်စားသော ပတ်ဝန်းကျင်သည် ဖြစ်ထွန်းလာရချေသည်။

ကျွန်ုပ်သည်ကား မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်၍ ပညာရင်နို့သောက်စို့ရာကား အ.ထ.က(၁)မြောက်ဥက္ကလာပကျောင်းတော်ကြီးပင်တည်း။ ထို့ကြောင့် ကျွန်ုပ်ကြီးပြင်းရာ ပတ်ဝန်းကျင်ကား မြောက်ဥက္ကလာပမြို့နယ်နှင့် ရန်ကုန်ရွှေမြို့တော်ကြီးပင်တည်း။ ကျောင်းသူတစ်ဦးဖြစ်သည်နှင့်အညီ ကျောင်း

mgyoe.com

mgyoe.com

သွားကျောင်းပြန်မြင်ကွင်းနှင့်တကွ သူငယ်ချင်းများနှင့်ကျက်စားရာဖြစ်သော ရန်ကုန်မြို့လယ်ကောင်သည်ကား ကျွန်ုပ်၏ သက်မဲ့ပတ်ဝန်းကျင်ဖြစ်၍ ကျွန်ုပ်တွေ့ကြုံဆက်ဆံရသော မိဘ၊ ဆရာ၊ မိတ်ဆွေ၊ သူငယ်ချင်း၊ မိသားစုနှင့် အိမ်နီးချင်းများသည်ကား သက်ရှိဝန်းကျင်ပင်။

ကျွန်ုပ်သည် မြောက်ဥက္ကလာပမြို့နယ် အဝိုင်းကြီးတိုက်ခန်းဟု အများခေါ်တွင်သော တိုက်တန်းကြီး၏ ပဌမထပ်တွင် နေထိုင်သူဖြစ်ပါသည်။ ထို့ပြင် အ.ထ.က (၁) မြောက်ဥက္ကလာပသို့ ကျောင်းကားစီး၍ ကျောင်းတက်သူဖြစ်ပါသည်။ ထို့ကြောင့် နေအိမ်မှကျောင်းသို့သွားသော ကျောင်းသွားကျောင်းပြန်တစ်လျှောက်နှင့် အိမ်မှ မျှော်ကြည့်နိုင်သော မြင်ကွင်းများသည်ကား နေ့စဉ်တွေ့ကြုံရသော ပတ်ဝန်းကျင်ဖြစ်ပြီး ရုပ်ရှင်ကြည့်ရာ၊ ဈေးဝယ်ထွက်ရာ၊ ဘုရားသွားရာ ရန်ကုန်မြို့လယ်ကောင်သည် မကြာခဏကြုံကြိုက်ရသော ပတ်ဝန်းကျင်ပင်ဖြစ်ပါသည်။

ကျွန်ုပ်နေထိုင်ရာ မြောက်ဥက္ကလာပသည် ယခင်က ကြားရုံဖြင့် လူတိုင်းကြောက်ရွံ့သည့် နာမည်ဆိုးဖြင့် ကျော်ကြားသည့် မြို့ဖြစ်ပါသည်။ အိမ်စောင့်အစိုးရလက်ထက်တွင်မှ တည်ထောင်သော သက်တမ်းမရှည်သေးသည့် မြို့ဖြစ်၍ ခိုးဆိုးလုယက်သူပေါသည်။ သတ်ရဲသည်။ စားပြတိုက်ဖို့ရာလည်း ဝန်မလေးကြချေ။ အိမ်အားလုံးတဲစုတ်ချည်းသာဖြစ်ချေသည်။ အဆောက်အအုံကြီးကြီးမားမားလည်း မရှိပေ။ ဆေးရုံတွင်လည်း ဆေးပစ္စည်းက မစုံလင်။ ပညာရေးဘက်တွင်လည်း စာသင်ကျောင်းများကလည်း ရှားပါး၊ ပညာသင်စရိတ်လည်း မတတ်နိုင်နှင့် လွန်စွာနိမ့်ကျလေသည်။ ကျွန်ုပ်တို့မြို့လောက် အခြေအနေမဆိုးလှသော်လည်း ရန်ကုန်မြို့ကြီးတွင်လည်း လူနေမှုအဆင့်အတန်း နိမ့်ပါးလှလေသည်။ ယင်းအခြေအနေများသည်ကား ယခင့်ယခင်က တိုးတက်မှု၊ ခေတ်မီမှုလုံးဝမရှိသော ကျွန်ုပ်၏ ပတ်ဝန်းကျင်များပင်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် သိပ္ပံပညာသည် အရှိန်အဟုန်ဖြင့် တိုးတက်နေပါသည်။ "ဂလိုဘယ်လိုက်ဇေးရှင်း" စီးကြောင်းသည် ကမ္ဘာကြီးကို ရွာကြီးတစ်ရွာဖြစ်စေပြီ။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော ကျွန်ုပ်တို့အမိမြန်မာနိုင်ငံလည်း ကမ္ဘာကြီး၏ တိုးတက်မှုကို အမီလိုက်လေသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏ အနီးဆုံးပတ်ဝန်းကျင်ဖြစ်သော ရွှေမြို့တော်ရန်ကုန်နှင့်တကွ၊ နိုင်ငံအဝှမ်းလည်း ခေတ်မီတိုးတက်လာရလေသည်။

ကျွန်ုပ်နေထိုင်ရာ တိုက်ခန်းဝရန်တာမှ လှမ်းမျှော်ကြည့်လျှင် မနီးမဝေးတွင် ကျောက်ရေတွင်းခုန်းကျော်တံတားကြီးကို ခန့်ညားစွာ တွေ့မြင်ရပေမည်။ ယခင်က

mgyoe.com

mgyoe.com


ယာဉ်သွား ယာဉ်လာရှုပ်ထွေးပြီး ယာဉ်အန္တရာယ် မကြာခဏကြုံတွေ့ရသော ထို နေရာတွင် ယခုအခါ ဘေးရန်ကင်း၍ မိမိတို့လိုရာခရီးကို မြန်ဆန်ချောမွေ့စွာ ရောက်ရှိ နိုင်လေပြီ။ ပြည်တွင်းပြည်ပသို့ သွားရောက်နိုင်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးတွင် တည်ရှိသောကြောင့် ကျွန်ုပ်တို့မြို့မှာ ပို၍ ခေတ်မီလာရသည်။ လေယာဉ်အဆင်းအတက်အသံကို ကြားရတိုင်း ကျွန်ုပ် ဂုဏ်ယူမိပါသည်။ ကျွန်ုပ်တို့ နေထိုင်ရာ အပိုင်းကြီးသည်ကား အလွန်လူစည်ကားသောနေရာ ဖြစ်သည်။ ရုံးတက် ရုံးဆင်းကြသော ရုံးဝန်ထမ်းများကိုလည်း တွေ့နိုင်သည်။ ကားပွဲစားတန်းနှင့် နီး သောကြောင့် စီးပွားရေးသမားများကိုလည်း မြင်နိုင်သေးသည်။ သက်မဲ့ပစ္စည်းများ သာမက သက်ရှိလူသားများလည်း ခေတ်မီလာကြသည်။ လက်ကိုင်ဖုန်းကိုယ်စီနှင့် ချိန်းဆို ပြောကြားကာ မိမိတို့၏ ဆိုင်ရာတာဝန်ဝတ္တရားများကို တစ်မိနစ်မှ မလွဲရ အောင် ကြိုးစားထမ်းဆောင် ၏နေကြပေသည်။ ထိုအရာများကား ကျွန်ုပ်၏နေအိမ်မှ တွေ့မြင်နိုင်သော မြင်ကွင်းများပင်တည်း။ လူမိုက် လူရမ်းကားပေါ်များခဲ့သော ကျွန်ုပ် တို့မြို့သည် ပညာတတ် ကြေးရတတ်များနှင့် ပြည့်နေဘိတကား။

ကျောင်းသွားရင်းနှင့်လည်း တိုးတက်နေသော ပတ်ဝန်းကျင်ကို ကျွန်ုပ်ခံစား နိုင်ပါသည်။ ကျောင်းကားကို တစ်ကွေ့တစ်ပတ်စီးရင်း ခြောက်ကွေ့အနီး ဝေဘာဂီ ဆေးရုံကြီးကို မြင်တွေ့နိုင်ပေသည်။ ကူးစက်ရောဂါသည်များအတွက် သီးသန့် တည်ဆောက်ပေးထားသော ဆေးရုံသစ်ကြီးကိုမြင်တိုင်း ခံ့ညားစွတကားဟု နှုတ်မှ ဆိုမိပါတော့သည်။ ထိုမှတစ်ဖန် ကန်သာယာပန်းခြံသို့အရောက် စိတ်ပင်ပန်း၊ လူ ပင်ပန်းဖြစ်နေသော မြို့သူမြို့သားများအား စိတ်ကြည်လင်စွာ အပန်းဖြေနိုင်မည့် ခေတ်မီပန်းခြံကြီးဟု တွေးမိပါသည်။ ပျားပန်းခပ်မျှ ရောင်းဝယ်ဖောက်ကားနေသော ရတနာသိမ်ကြီးဈေးကြီးမှ ဈေးသည်များကို မြင်ရုံဖြင့်ပင် ကျွန်ုပ်တို့မြို့၏ စီးပွားရေး အခြေအနေကို သိနိုင်ပေသည်။ ခေတ်မီတိုးတက်လာသော အခြေအနေကို ခံစားမိပါ သည်။

ကျွန်ုပ်စီးနင်းလာသော ကျောင်းကားလေးသည် ဈေးကြီးမှတစ်ဖန် မြို့နယ် တရားရုံးရှေ့သို့ ရောက်ပြန်လေသည်။ နံနက်စောစောပင်လျှင် ခေတ်မီတိုးတက်သော အခြေအနေကို ထိန်းထားရန်အတွက် တရားရေးမဏ္ဍိုင်ကြံ့ကြံ့ခိုင်ရန် တာဝန်ထမ်း ဆောင်နေသော တရားရေးဝန်ထမ်းများကို မြင်ရသည်မှာလည်း လေးစားဖွယ်ရာဟု ကျွန်ုပ်၏ပတ်ဝန်းကျင်မြင်ကွင်းကို မှတ်ချက်ပြုမိပါသည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စခန်းရှေ့သို့အရောက် မြင်ရသောပတ်ဝန်းကျင်မှာမူ ရှားရှားပါးပါးရှိနေ

mgyoe.com

mgyoe.com

သေးသော ကျွန်ုပ်တို့မြို့၏လူဆိုးကြီးများဖမ်းရန် အားသန်နေသော ရဲဝန်ထမ်းများ ပင်တည်း။ တရားဥပဒေစိုးမိုးကာ ခေတ်မီတိုးတက်သော ပတ်ဝန်းကျင်အစဉ်ဖြစ်ရေး အတွက် အားကိုးလောက်ပါပေသည်ဟု မှတ်ယူမိပါပေသည်။ မနီးမဝေးရှိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးကြီးနှင့်တကွ စည်ပင်ရုံး၊ စာတိုက်ရုံး၊ ဆက် သွယ်ရေးရုံး အစရှိသည့် ရုံးအဆောက်အအုံကြီးများကား ခေတ်မီနေသော ကျွန်ုပ်တို့မြို့နှင့် ပန်းသင့်လှသည်။ မကြာမီ နတ်ဘုံအလား ခမ်းနားလှသည့် ဆေး တက္ကသိုလ်(၂)ကြီးကို တွေ့မြင်ရပေသည်။ ခေတ်မီနေသော ယင်းအဆောက်အအုံကြီး ကို မြင်တိုင်း ကျွန်ုပ် ရင်ခုန်ရသည်သာ။ ဆေးတက္ကသိုလ်(၂)သို့ တက်ရောက်ခွင့်ရရေး သည် ကျွန်ုပ်၏ အိပ်မက်ပင်မဟုတ်ပါလော။ တက္ကသိုလ်အနီးပတ်ဝန်းကျင်တွင် မြန်မာ့ဆေးလောကအဆင့်အတန်း ခေတ်မီတိုးတက်ရေးကြိုးစားနေကြသည့် ဆေး ကျောင်းသူကျောင်းသားများကို ကျွန်ုပ်တွေ့မြင်ရပေသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ကျွန်ုပ်၏ ပတ်ဝန်းကျင်၊ ကျွန်ုပ်၏ အမိနိုင်ငံတော်ခေတ်မီတိုးတက်အောင် ဆောင် ရွက်ရမည်ဟု အဓိဋ္ဌာန်ပြုမိပါသည်။ ကမ္ဘာ့အဆင့်မီပညာရပ်များ သင်ကြားပို့ချပေး နေသော တက္ကသိုလ်ကြီးတစ်ခုကို တွေ့မြင်ရသဖြင့် ခေတ်မီတိုးတက်သော ကျွန်ုပ် ပတ်ဝန်းကျင်ပါတကားဟု မှတ်ချက်ပြုမိပါသည်။ မြောက်ဥက္ကလာပဆေးရုံကြီးက လည်း ကမ္ဘာ့အဆင့်ဝင် တိုးတက်ခေတ်မီနေပေပြီ။

ရံဖန်ရံခါ ကျွန်ုပ် ရန်ကုန်မြို့လယ်ကောင်သို့ အလည်အပတ်ရောက်တတ်ပါ သည်။ ထိုအခါ မိုးပျံအဆောက်အအုံကြီးများကိုလည်း တွေ့နိုင်သည်။ ကမ္ဘာ့နောက် ဆုံးပေါ် ကားကြီးများကိုလည်း မြင်နိုင်သည်။ ယခုအခါ ကျွန်ုပ်တို့နိုင်ငံ၏ မော် တော်ကားအများစုသည် ဓာတ်ဆီ၊ ဒီဇယ်ကို မသုံးဘဲ၊ လေထုညစ်ညမ်းမှု ကာကွယ် ပေးသည့် သဘာဝဓာတ်ငွေ့များကို အသုံးပြုနေကြလေပြီ။ ရုပ်ရှင်ရုံအားလုံးလည်း အဆင့်မြင့်ရုံကြီးများသာ ဖြစ်သည်။ နိုင်ငံတကာအဆင့်မီ ကုန်တိုက်ကြီးများ၊ စတိုး ဆိုင်ကြီးများကို နေရာအနှံ့အပြားတွင် တွေ့မြင်နိုင်ပေသည်။ ဗုဒ္ဓဘာသာဘုရားစေတီ ပုထိုးများတွင်လည်း ရွှေရောင်တဝင်းဝင်းနှင့် ကမ္ဘာလှည့်ခရီးသည်များ၊ ဘုရားဖူးသူ တော်စင်များနှင့် စည်ကားနေလေသည်။ တိုးတက်နေသော ဘာသာသာသနာကြီး ပင်တည်း။ ဟိုတယ်ကြီးများမှာလည်း ခန့်ညားလှပေသည်။ လမ်းကြီးများမှာလည်း သန့်ရှင်းသပ်ရပ်နေလေသည်။ မြန်မာတို့၏ လူနေမှုအဆင့်အတန်းကား အရှိန်အဟုန် နှင့်ခေတ်မီတိုးတက်နေပြီတကား။

ကျွန်ုပ်၏ သက်ရှိသက်မဲ့ဝန်းကျင်နှစ်ရပ်ကား ဘက်စုံသစ်လွင်ဖွံ့ဖြိုးနေပါပြီ

mgyoe.com

mgyoe.com


တကား။ ဤမျှခေတ်မီတိုးတက်သော ပတ်ဝန်းကျင်၌ နေထိုင်ရသည်ကို ကျွန်ုပ်ဂုဏ်ယူမိပါသည်။ ကြည်နူးမိပါသည်။ "သူ့မြေမှာ ဖြူပြာတင့်ရင်ဖြင့် ငါ့မြေမှာ နီဝါပွင့်ရမပေါ့"ဟူသောစိတ်ဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံတို့၏ တိုးတက်ခေတ်မီမှုကို အမီလိုက်ရပေမည်။ ယခုကဲ့သို့ တိုးတက်မှုကိုသာ ကျေနပ်မနေဘဲ ပိုမိုတိုးတက်အောင် ကြံဆောင်ကြရမည်။ "ကမ္ဘာမှာ မြန်မာဟေ့"ဟု ဝင့်ကြွားနိုင်အောင်ကြိုးစားကြရမည်။ ခေတ်မီတိုးတက်နေသော ပတ်ဝန်းကျင်ကို ပြည်ထောင်စုစိတ်ဓာတ်အပြည့်နှင့် ဖော်ဆောင်ကြပါစို့ဟု တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးအား တိုက်တွန်းရင်း ကျွန်ုပ်၏ ခေတ်မီတိုးတက်နေသော ပတ်ဝန်းကျင်အား ကျောက်ထီးကန္တ မော်ကွန်းပြုအပ်ပါတော့သည်။

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အကျွန်ုပ်ဖေဖေ

ဖြူနှင်းစိုး

(၁) ဖေဖေ့အကြောင်းတွေးမိတိုင်း ကျေးဇူးကို သတိရပုံ
(၂) ဖေဖေ့အမည်
(၃) အသက်
(၄) အလုပ်အကိုင်
(၅) ပုံပန်း
(၆) စိတ်ထားနှင့်ဝါသနာ
(၇) မိသားစုကို ဦးဆောင်၍ လုပ်ကျွေးပုံ
(၈) ဖေဖေနှင့် မိသားစုဆက်ဆံရေး
(၉) မိမိနှင့်ဆက်ဆံရေး
(၁၀) အမှတ်တရဖြစ်ရပ်တစ်ခု
(၁၁) ဖေဖေ့မေတ္တာနှင့် ကျေးဇူး
(၁၂) မိမိခံစားမှုနှင့် အမြင်

လောက၌လူဟူ၍ဖြစ်လာလျှင် မိခင်၊ ဖခင်တို့၏ ကျေးဇူးနှင့် မကင်းနိုင်ကြပေ။ အနန္တ ဂိုဏ်းဝင်မိဘတို့၏ ကျေးဇူးတရားများကား လွန်စွာကြီးမားလှပေသည်။ လမင်းနှင့် တူသော မိခင်၏မေတ္တာကြောင့် အေးမြမှုကို ခံစားရသလို နေမင်းကဲ့သို့ အလင်းရောင် ပေးနိုင်သော ဖခင်ကြောင့် နွေးထွေးလုံခြုံမှုကို ခံစားရပေသည်။ အိမ်ထောင်စုတစ်ခု တွင် "စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း" ဟူသော စကားအတိုင်း စုဆောင်းထိန်းသိမ်းရ သော မိခင်၏ကျေးဇူးကြီးမားသလို မိသားစုအား မပူမပင် မကြောင့်မကြ နေထိုင်နိုင်

mgyoe.com

mgyoe.com

အောင် စီးပွားရှာဖွေပေးနိုင်သော၊ နွေးထွေးသော မေတ္တာ စာတ်ဖြင့် အုပ်ထိန်းပေးနိုင်သော ဖခင်၏ကျေးဇူးတရားများမှာလည်း လွန်စွာ ကြီးမားလှပေသည်။ ဖေဖေ၏ နွေးထွေးသော မေတ္တာရိပ်အောက်တွင် ကျွန်မတို့မိသား တစ်စုလုံးအပူအပင်ကင်းစွာ နေထိုင်နိုင်ခဲ့ကြသည်။ အကျွန့်ဖေဖေ၏ ကျေးဇူးတရားများကား လွန်စွာကြီးမား လှပေသည်။

ဖေဖေ၏အမည်မှာ ဦးစိုးဝင်းဦးဖြစ်ပါသည်။ အသက်အားဖြင့် ငါးဆယ်ခန့်ရှိပြီး အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဖြစ်ပါသည်။ ဖေဖေသည် အသားဖြူ၍ အရပ်လည်း အတော်အသင့်ရှည်သောကြောင့် ကျွန်မ၏ဖေဖေသည် ရုပ်ရှင်မင်းသား ကျော်ဟိန်းနှင့်အလွန်ဆင်တူပါသည်။

ဖေဖေသည် အလွန်သဘောကောင်းလှသည်။ ကိုယ်ကျိုးကိုမကြည့်ဘဲ အများအကျိုးကိုသာကြည့်သောသူပင်။ ဖေဖေသည် မိသားစု၏ လိုအပ်ချက်ကိုလည်း အစဉ်သိသောသူဖြစ်သည်။ သို့သော်နှုတ်မှထုတ်၍မပြောဘဲ အမြဲတမ်းဖြည့်ဆည်းပေးတတ်သည်။ ဖေဖေသည် လက်အောက်ငယ်သားများအပေါ်တွင်လည်း အလွန်နားလည်ပေးတတ်သူ၊ စာနာသနားတတ်သူဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း အဆင်ပြေအောင် ပေါင်းသင်းတတ်လေသည်။ ထို့ကြောင့်ပင် ဖေဖေသည် မိသားစုမှသာမက လက်အောက်ငယ်သားများအပေါင်းအသင်းများ၏ ချစ်ခင်ရိုသေလေးစားမှုကိုလည်း ခံရသူဖြစ်သည်။

ဖေဖေသည် စာပေကို အလွန်ဝါသနာပါသူတစ်ဦးဖြစ်သည်။ 'စာအုပ်စာပေ လူ့မိတ်ဆွေ' ဟူသော စကားအတိုင်းပင် စာပေကို လွန်စွာမြတ်နိုးတန်ဖိုးထားလေသည်။ ထို့ကြောင့် ရှားပါးစာအုပ်များ၊ ဗဟုသုတရရှိနိုင်သည့်စာအုပ်များ၊ ဘာသာစကားနှင့်ပတ်သက်သော စာပေများကိုလည်း များစွာ စုဆောင်းထားရှိလေသည်။ ဖေဖေသည် စိုက်ပျိုးရေးတက္ကသိုလ်မှ ဘွဲ့ရသူတစ်ဦးဖြစ်သည်။ သစ်ပင်၊ ပန်းပင်များကိုလည်း အလွန်ချစ်ခင်သူဖြစ်သည်။ ဖေဖေသည် အိမ်နောက်ဖေးတွင် ဥယျာဉ်ငယ်လေးတစ်ခုကို ထားရှိထားလေသည်။ ထိုဥယျာဉ်ကလေးထဲတွင် သစ်ခွပန်းမျိုးစုံ၊ စံပယ်၊ နှင်းဆီနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို စိုက်ပျိုးထားလေသည်။ ထိုဥယျာဉ်ကလေးသည် ဖေဖေ၏ အပန်းဖြေရာ နေရာတစ်ခုဖြစ်လေသည်။ မိမိစိုက်ပျိုးထားသော အပင်ကလေးများ ရှင်သန်ကြီးထွားလာသည်ကို ကြည့်ကာ ပီတိဖြစ်နေသူပင်။

ဖေဖေသည် ဂီတကိုလည်း အလွန်ချစ်မြတ်နိုးသူဖြစ်သည်။ အထူးသဖြင့်

mgyoe.com

စန္ဒရားတီးရခြင်းကို နှစ်သက်သည်။ ဖေဖေသည် အဆိုကောင်းသူတစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့်ပင် အားလပ်ရက်ရတိုင်း ဖေဖေဆိုပြသည့် သီချင်းကိုနား ထောင်ရင်း မိသားစုမိတ်ဆုံစားပွဲလေးကျင်းပတတ်သည်။

ဖေဖေသည် မိသားစုအတွက် မားမားမတ်မတ် ရပ်တည်ပေးသူဖြစ်သည်။ မိသားစု၏ စားဝတ်နေရေးအတွက် လုပ်ကိုင်ကျွေးမွေးရုံသာမက လိုအပ်ချက်မှန်သမျှ ကိုလည်း ဖြည့်ဆည်းပေးတတ်သည်။ အရေးကြုံလာလျှင် ရှေ့မှ မားမားမတ်မတ် ရပ်ကာ ရင်ဆိုင်ဖြေရှင်းပေးလေသည်။ မိသားစုအားလုံး အစဉ်အမြဲပျော်ရွှင်စွာ နေနိုင်ရန် ထာဝစဉ်ကြိုးစားနေသူဖြစ်သည်။

ဖေဖေသည် မိသားစုအပေါ်တွင်လည်း အလွန်ဂရုစိုက်သည်။ မေမေနှင့်တကွ မိသားစုအားလုံးအပေါ်တွင် နွေးထွေးလှိုက်လှဲစွာ ချစ်ခင်တတ်သူဖြစ်သည်။ ဖေဖေ သည် ကျွန်မအပေါ်တွင် အလွန်ဂရုစိုက်လေသည်။ အရေးကိစ္စကြုံလာလျှင် ပွင့်ပွင့် လင်းလင်းဆွေးနွေးတတ်သည်။ ထို့ကြောင့်ပင် ဖေဖေသည် မေမေ့အတွက် ခင်ပွန်း ကောင်းတစ်ယောက်ဖြစ်သလို ကျွန်မတို့အတွက်လည်း ဖခင်ကောင်းတစ်ယောက် ဖြစ်လေသည်။

ကျွန်မလေးတန်းနှစ် စာမေးပွဲဖြေခါနီးတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်သဖြင့် ဆေးရုံတက်ခဲ့ရသည်။ နှစ်စဉ်နှစ်တိုင်း ပထမဆုရလာခဲ့သောကြောင့် ယခုနှစ် ဆုနှင့် လွဲမည်ကို လွန်စွာ စိုးရိမ်မိသည်။ သို့သော်လည်း ဖေဖေက စိတ်ဓာတ်မကျရန် အားပေးခဲ့သည့်အပြင် သင်ခန်းစာများကိုလည်း ကိုယ်တိုင်သင်ပြပေးခဲ့သည်။ ဖေဖေ၏ ကျေးဇူးကြောင့် စတုတ္ထတန်း၌လည်း ပထမဆုကို ရယူနိုင်ခဲ့လေသည်။

ဖေဖေ၏ မေတ္တာတရားနှင့် ကျေးဇူးတို့ကား ကြီးမားလှပေသည်။ နေမင်းကြီး သည် နေ့စဉ်နေ့တိုင်း အလင်းရောင်ကိုပေးနေသလိုပင် ဖေဖေ၏ မေတ္တာတို့သည် လည်း အစဉ်အမြဲတည်ရှိနေပေလိမ့်မည်။ ဧရာဝတီမြစ်ကြီးရေခန်းသွားသော်လည်း ဖေဖေ၏ မေတ္တာတို့သည် မကုန်နိုင်မခန်းနိုင် ကမ္ဘာတည်သရွေ့ တည်တံ့နေမည်သာ ဖြစ်ပေတော့သည်။

❸

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အကျွန်ုပ်မေမေ

သင်းသန္တာ

(၁) မေမေ့အကြောင်းတွေးမိတိုင်း ကျေးဇူးကို သတိရပုံ (နိဒါန်း)
(၂) မေမေ့အမည်၊ အသက်၊ အလုပ်အကိုင်၊ ပုံပန်း
(၃) စိတ်ထားနှင့်ဝါသနာ
(၄) မိသားစုကို ထိန်းသိမ်းစောင့်ရှောက်ပုံ
(၅) မေမေနှင့် မိသားစုဆက်ဆံရေး
(၆) မိမိနှင့်ဆက်ဆံရေး
(၇) အမှတ်တရဖြစ်ရပ်တစ်ခု
(၈) မေမေ့မေတ္တာနှင့် ကျေးဇူး
(၉) မိမိခံစားမှုနှင့် အမြင် (နိဂုံး)

လောက လူသားတိုင်း၏ အအေးချမ်းဆုံးခိုလှုံရာသည် မိဘမေတ္တာဖြစ်သည်။ မိဘတို့၏ ကျေးဇူးတရားသည် တုနှိုင်းမယှဉ်နိုင်အောင် များပြားလှပါသည်။ မိဘတို့သည် မိမိတို့၏ သားသမီးကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ထာဝစဉ် ချစ်ခင်နေမည်ဖြစ်သည်။ မိဘတို့မေတ္တာ၊ စေတနာသည် ကျွန်ုပ်တို့ သားသမီးများအပေါ်တွင် ဘယ်သောအခါမှ ရပ်တန့်ကုန်ဆုံးသွားမည်မဟုတ်ပါ။ မိဘနှစ်ပါးတွင်မှ ကျွန်ုပ်တို့ကို လူ့လောကအတွင်းသို့ ရောက်ရှိရန် ပို့ဆောင်ပေးခဲ့သော မိခင်သည် ပို၍ပင် ကျေးဇူးကြီးမားလှပါသည်။

"ယောကျ်ားဖောင်စီး၊ မိန်းမမီးနေ" ဆိုသကဲ့သို့ မိန်းမတို့အတွက် မီးဖွားရသောဒုက္ခသည် သေမင်းတံခါးဝနှင့် အနီးဆုံးဖြစ်ပါသည်။ သားသမီးတို့ကို ကိုးလ

mgyoe.com

mgyoe.com

လွယ် ဆယ်လဖွားပေးခဲ့သော မိခင်၏ ကျေးဇူးတရားကို ဘယ်သောအခါမှ ဆပ်၍ ကုန်နိုင်မည်မထင်ပါ။ မီးဖွားရသောဒုက္ခကို မိခင်သည် မိမိ၏ ရင်သွေးကို ချစ်သည့် မေတ္တာစာတ်တစ်ခုတည်းဖြင့် ကျော်လွှားနိုင်ခဲ့ပါသည်။ သို့ပေမဲ့ ကံမကောင်း အကြောင်းမလှသဖြင့် မီးတွင်းထဲမှာပင် သေဆုံးခဲ့ရသော မိခင်များလည်း အများအပြားရှိပါသည်။ ကျွန်ုပ်သည် ထိုအကြောင်းကို တွေးမိတိုင်း မေမေ၏ မေတ္တာ၊ စေတနာ၊ ကရုဏာများနှင့် မိသားစုအပေါ် အနစ်နာခံ ပေးဆပ်တတ်သော စိတ်ဓာတ်များကို အောက်မေ့သတိရမိပါသည်။

အကျွန်ုပ်မေမေ၏ အမည်မှာ ဒေါ်မြင့်မြင့်သန်းဖြစ်ပါသည်။ မေမေသည် အသက် ၄၃ နှစ်ပြည့်ပြီးဖြစ်သော်လည်း လှပတုန်းပင်ဖြစ်ပါသည်။ အခြားသူများ၏ မျက်စိအတွင်းတွင် မေမေသည် ရုပ်ဆိုးချင်ဆိုးနေလိမ့်မည်။ သို့သော်လည်း ကျွန်ုပ်တို့ သားသမီးများအတွက်မူကား မေမေသည်သာ ကမ္ဘာတွင် အလှဆုံးဖြစ်ပါသည်။ မေမေ၏ မျက်လုံးဘေးတွင် အရေးအကြောင်းအတွန့်များပေါ်လာပြီဖြစ်သော်လည်း မျက်လုံးအိမ်၏ ထက်မြက်စူးရှမှုကို ဖုံးဖိမထားနိုင်ပါ။ မေမေ၏ ပါးပြင်နှင့် နဖူးပြင်တွင် ဇရာကြောင့် အရေးအကြောင်းများ ရှိနေသော်လည်း အေးချမ်းသော၊ မေတ္တာစာတ်တို့ဖြင့် ပြည့်နှက်နေသော မေမေ့မျက်နှာကို ဖုံးကွယ်၍မရပါ။ မေမေ၏ အသားသည် မိသားစုအတွက် အလုပ်လုပ်ရသောကြောင့် ညိုနေသည့်အပြင် ယခင်လို နူးညံ့မှုလည်း မရှိတော့ပါ။ သို့သော်လည်း စိတ်ထား၏နူးညံ့မှုက အသားအရေ နူးညံ့မှုထက် ကျွန်ုပ်တို့အတွက် ပိုအရေးကြီးပါသည်။ မေမေသည် အရပ်အနည်းငယ်မြင့်၍ ခန္ဓာကိုယ်မှာ အနည်းငယ်ဝဝလုံးလုံးလေးဖြစ်ပါသည်။

မေမေသည် အထက်တန်းပြဆရာမတစ်ယောက်ဖြစ်ပါသည်။ အမှတ် (၁)၊ အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ်တွင် တက္ကသိုလ်ဝင်တန်းကျောင်းသားများအား သင်္ချာဘာသာရပ်ကို သင်ကြားပို့ချပေးနေပါသည်။ မေမေသည် ဆရာမအလုပ်တစ်ခုတည်းသာမက ကျောင်း၏အခြားလူမှုရေး၊ ဘာသာရေးအလုပ်များတွင်လည်း ထူးချွန်ထက်မြက်စွာ ဆောင်ရွက်ပေးတတ်ပါသည်။ ကျောင်း၌ အာစရိယပူဇော်ပွဲ၊ ကထိန်၊ စုံညီပွဲတော်သာမက ခရစ်စမတ်ပွဲများအထိ မေမေသည် ဆောင်ရွက်ပေးပါသည်။ မေမေသည် ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးဖြစ်သော်လည်း ခရစ်စမတ်ပွဲတွင် ကူညီဆောင်ရွက်ခြင်းကြောင့် မေမေ့ကို တစ်ကျောင်းလုံးရှိ ဗုဒ္ဓဘာသာဝင်များသာမက ခရစ်ယာန်များပါ ချစ်ခင်အားကိုးကြပါသည်။ မေမေ့ကြောင့် ကျွန်ုပ်တို့တစ်မိသားစုလုံး မျက်နှာပွင့်လန်းရပါသည်။

mgyoe.com

mgyoe.com


မေမေ၏ စိတ်ထားသည် မဟုတ်မခံတတ်သော စိတ်ထားဖြစ်ပါသည်။ မေမေသည် မည်သူ့ကိုမျှ ဒုက္ခမပေးတတ်သကဲ့သို့ မိမိကို ဒုက္ခပေးလျှင်လည်း သည်းခံနိုင်သည့်အတိုင်းအတာအထိသာ သည်းခံတတ်ပါသည်။ မေမေသည် သမီးလိမ္မာတစ်ယောက်ဖြစ်ပါသည်။ မေမေကြောင့် ကျွန်ုပ်၏ ဘိုးဘိုးဘွားဘွားနှစ်ယောက်လုံး စိတ်မဆင်းရဲရပါ။ မေမေတို့မောင်နှမ(၆)ယောက်တွင် မေမေသည် ပဉ္စမမြောက်ဖြစ်ပါသည်။ မေမေနှင့် မေမေ့အထက်က အစ်မမှာ အသက်ရှစ်နှစ်ကွာသဖြင့် မေမေတို့အလယ် တန်းရောက်ချိန်တွင် အထက်ကအစ်ကို၊ အစ်မလေးယောက်စလုံး တက္ကသိုလ်တက် နေရပါသည်။ ဘိုးဘိုးသည် ချမ်းသာသူမဟုတ်သဖြင့် မေမေသည် အကြီးများ၏ ပညာရေးအတွက် အစစအရာရာ ခြိုးခြံချွေတာပြီးနေခဲ့ရပါသည်။ သို့သော်လည်း မေမေသည် ဘယ်သောအခါမှ မိမိကိုယ်မိမိ အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်းမရှိခဲ့ပါ။

မေမေသည် ပန်းပင်စိုက်ပျိုးရခြင်းကို အလွန်ဝါသနာပါပါသည်။ ကျွန်ုပ်တို့အိမ်ရှေ့မြေကွက်လပ်ကလေးတွင် မေမေ အပင်ပန်းခံစိုက်ပျိုးထားသော စံပယ်၊ နှင်းဆီ၊ သစ်ခွ၊ ပိန်းစသော ပန်းမျိုးစုံတို့သည် လှပစွာ ဖူးပွင့်နေကြပါသည်။ မေမေသည် ပန်းပင်လေးများကို မနက်တစ်ကြိမ် ညတစ်ကြိမ် ရေလောင်းပြီး တစ်ပတ်တစ်ခါ ပေါင်းသင်မြက်နုတ်ပေးပါသည်။ မေမေသည် လှပလန်းဆန်းနေသော ပန်းပွင့်ကလေးများကို ကြည့်ရသည်မှာ အကြည်နူးဆုံးဟု ကျွန်ုပ်ကို မကြာခဏ ပြောပြတတ်ပါသည်။ မနက်ကျောင်းသွားတိုင်းလည်း မေမေသည် သူမစိုက်ပျိုးထားသော ပန်းတစ်ပွင့် နှစ်ပွင့်ပန်သွားတတ်ပြီး အိမ်ရှိ ဘုရားပန်းအိုးနှင့် ဧည့်ခန်းရှိ အလှပန်းအိုးတို့မှာလည်း မေမေ၏ပန်းများနှင့် ဝေဆာနေတတ်ပါသည်။

မေမေသည် မိသားစု၏ ကိစ္စအဝဝကို မနားမနေဦးဆောင်ဖြေရှင်းသူဖြစ်သည်။ မေမေသည် အိမ်ရှင်မတစ်ဦး၏ တာဝန်ဖြစ်သော အဝတ်လျှော်၊ ထမင်းချက်၊ ပန်းကန်ဆေး၊ အိမ်ရှင်းအစရှိသော အလုပ်များကို နိုင်နင်းကျွမ်းကျင်စွာ လုပ်နိုင်သည်သာမက တစ်ခါတစ်ရံတွင် သာမန်မိန်းမများ မလုပ်နိုင်သည့် မီးချောင်းပြင်၊ ဗီရိုရွှေ့၊ ရေပိုက်ပြင် အစရှိသည့် အလုပ်များကို ဖေဖေမအားလျှင် လုပ်ပေးတတ်ပါသည်။ ထို့ကြောင့် ဖေဖေက မေမေ့ကို အာဂမိန်းမဟု အမြဲချီးမွမ်းပါသည်။ ကျွန်ုပ်တို့ မောင်နှမသုံးယောက်ကိုလည်း လောကဝတ္တရားများကို သင်ကြားပြသသည်သာမက စိတ်ထားကောင်းမွန်ရန်၊ လူသားတို့အား ကူညီဖေးမရောက်ရန် မေမေသည် အမြဲဆုံးမတတ်ပါသည်။ ဖေဖေ၏လုပ်ငန်းများကို အကြံပေးဆွေးနွေးတတ်သည့်အပြင်

mgyoe.com

mgyoe.com


ကျွန်ုပ်တို့သားသမီးတစ်ဦးချင်းစီ၏ ပတ်ဝန်းကျင်နှင့်ပတ်သက်သော ခံစားချက်များကို မေးမြန်းပြီး အကောင်းဆုံးအကြံဉာဏ်များကို ပေးတတ်ပါသည်။ သို့ဖြစ်၍ မေမေသည် ဖေဖေနှင့် ကျွန်ုပ်တို့အတွက် အကောင်းဆုံး တိုင်ပင်ဖော်၊ တိုင်ပင်ဖက် ဖြစ်ပါသည်။

မေမေသည် ဖေဖေ့အား ချစ်ခင်ယုယပြီး မယားဝတ္တရား ကျေပွန်သူဖြစ်သည်။ ကျွန်ုပ်တို့အားလည်း အေးမြသော မိခင်မေတ္တာကို အပြည့်အဝပေးနိုင်သော မိခင်ကောင်းတစ်ဦးဖြစ်သည်။ မေမေသည် သားသမီးများကို ချစ်သော်လည်း ဘယ်သောအခါမှ အလိုမလိုက်တတ်ပါ။ ကျွန်ုပ်တို့အား မိဘများ ပင်ပင်ပန်းပန်းရှာထားသောငွေများကို မဖြုန်းရန် အကျိုးသင့်အကြောင်းသင့်ရှင်းပြပြီး ဆုံးမတတ်ပါသည်။ ပညာရေးတွင်လည်း သားသမီးများကို အလျှော့မပေးဘဲ စာကြည့်ချိန်၊ ကစားချိန် သတ်မှတ်ပေးသဖြင့် ကျွန်ုပ်တို့ မောင်နှမသုံးယောက်သည် စာအရမ်းမတော်လျှင်ပင် မညံ့သော အနေအထားမှာ ရှိပါသည်။ မေမေသည် "စည်းကမ်း" ရှိသော မိဘနှစ်ပါးမှ မွေးဖွားလာသူဖြစ်သည့်အတွက် စည်းကမ်းရှိသူဖြစ်ပြီး ကျွန်ုပ်တို့အားလည်း စည်းကမ်းကောင်းများကို သင်ကြားပေးပါသည်။ မေမေ့ကျေးဇူးကြောင့် ကျွန်ုပ်တို့မောင်နှမတစ်စုသည် ပတ်ဝန်းကျင်တွင် ယဉ်ကျေးလိမ္မာသော၊ စည်းကမ်းသေဝပ်သော လူတော်လူကောင်းများအဖြစ် မျက်နှာပွင့်လန်းခဲ့ပါသည်။

ကျွန်ုပ်သည် သမီးအကြီးဆုံးဖြစ်သဖြင့် မေမေသည် ကျွန်ုပ်ကို အားအကိုးဆုံးဖြစ်သည်။ မေမေ၏ ခံစားချက်များကိုလည်း ကျွန်ုပ်အားအမြဲဖွင့်ဟ၍ တိုင်ပင်တတ်သည်။ သမီးအကြီးဆုံးဖြစ်သည့်အတွက် မေမေသည် ပညာရေးတွင် အလွန်တော်စေချင်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်ကို အငယ်များထက်ပို၍ ချုပ်ချယ်ခဲ့သည်။ ကျွန်ုပ်သည် ငယ်စဉ်က မေမေ့ကို အထင်လွဲခဲ့သော်လည်း တဖြည်းဖြည်းကြီးပြင်းလာသောအခါတွင် မေမေ့မေတ္တာ၊ စေတနာများကို သဘောပေါက်လာခဲ့ပါသည်။

မေမေ့မေတ္တာကို နားလည်သဘောပေါက်စေသောဖြစ်ရပ်တစ်ခုသည် ကျွန်ုပ်(၈)တန်းတက်နေသော နှစ်တွင် ဖြစ်ပွားခဲ့ပါသည်။ ကျွန်ုပ်တို့ ကျောင်းနှင့်အိမ်မှာ အနည်းငယ်ဝေးသဖြင့် ခြေကျင်လျှောက်ပြီး ကျောင်းတက်ရပါသည်။ ကျွန်ုပ်တို့ ရပ်ကွက်သည် မိုးအလွန်သည်းလျှင် ရေကြီးတတ်ပါသည်။ ကျွန်ုပ်သည် (၈)တန်းဖြစ်သဖြင့် ကျောင်းချိန်မှာ ညနေပိုင်းဖြစ်ပါသည်။

ယိုနေ့က ကျွန်ုပ်သည် ကျောင်းမသွားခင်က ကျွန်ုပ်၏သူငယ်ချင်းမိသားစုနှင့် အတူ ဘုရားဖူးလိုက်ဖို့ ပူဆာခဲ့ပါသည်။ မေမေက သွားရဟု ပြောသဖြင့် မေမေကို

mgyoe.com

စိတ်ကောက်ပြီးကျောင်းသို့ လာခဲ့ပါသည်။ ညနေကျောင်းဆင်းခါနီးတွင် မိုးသဲကြီး မဲကြီးရွာချသဖြင့် ရပ်ကွက်တစ်ခုလုံး ရေများနှင့် ပြည့်နေပါသည်။ ကျွန်ုပ်သည် ထိုနေ့က ထီးပါမလာပါ။ ထို့ပြင် မေမေ့ကို စိတ်ဆိုးသဖြင့် အိမ်မပြန်ချင်သောကြောင့် ကျောင်းလွှတ်ချိန်တွင် ကျောင်းခန်းထဲမှာ တစ်ယောက်တည်းထိုင်ကာ ကျန်နေခဲ့ပါသည်။ အတော်ကြီးကြာမှ ကျောင်းတံခါးမကြီးမှ ထွက်လာခဲ့ပါသည်။ ထိုစဉ် ကျွန်ုပ်၏ ကျောင်းတံခါးမကြီးရှေ့တွင် လဲကျနေသော မေမေ့ကို ကျွန်ုပ် တွေ့လိုက်ရပါသည်။ ထိုအခါကျမှ မေမေမနက်က နေမကောင်းသည်ကို မှတ်မိပါသည်။

ကျွန်ုပ်သည် ကျောင်းစောင့်၏ အကူအညီဖြင့် မေမေ့ကို ဆေးရုံပို့ပေးခဲ့ပါသည်။ ဆေးရုံတွင် မေမေသည် ကျွန်ုပ်ကိုသာ သတိမေ့နေသည့်ကြားမှ ခေါ်နေခဲ့ပါသည်။ ကျွန်ုပ်သည် မေမေ့မေတ္တာနှင့် ကျေးဇူးတရားကို ထိုအခါကျမှ နားလည်သဘောပေါက်လာခဲ့ပါသည်။ မေမေသတိပြန်လည်လာသောအခါ ကျွန်ုပ်ကို ခွင့်လွှတ်ရန် ဝန်ချတောင်းပန်ခဲ့ပါသည်။ ထိုအခါ မေမေပြောခဲ့သည့် စကားတစ်ခွန်းကို ကျွန်ုပ်မမေ့နိုင်ခဲ့ပါ။ "မိဘဆိုတာ သားသမီးကို အမြဲခွင့်လွှတ်ပြီးသားပါ" ဟူသော စကားလုံးများသည် သက်ဆုံးတိုင် ကျွန်ုပ်နှလုံးသားတွင် ကမ္ပည်းတင်နေပေလိမ့်မည်။

မေမေ့မေတ္တာ၊ စေတနာ၊ ကျေးဇူးတရားများသည် သားသမီးများအပေါ်တွင် ထာဝရရှိနေမည်မှာ မလွဲကေန်ဖြစ်သည်။ သားသမီးများသည်လည်း မေမေ့မေတ္တာကို အစဉ်အောက်မေ့ပြီး ကျေးဇူးကို တတ်နိုင်သမျှ ဆပ်သင့်ပေသည်။ မြတ်စွာဘုရားသည်ပင် မိခင်ကျေးဇူးကို ကျေအောင် မဆပ်နိုင်ခဲ့သော်လည်း ကျွန်ုပ်တို့လူသားများသည် အသက်ရှင်သမျှကာလပတ်လုံးတွင် မိခင်စိတ်ချမ်းသာအောင် မိခင်အလိုကျလူကောင်းလူမွန်များဖြစ်စေပြီး မိခင်ကျေးဇူးကို ပတ်နိုင်သမျှ ဆပ်သင့်ပါသည်။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ကျွန်ုပ်၏ ဆရာတစ်ဦး

မျိုးသူရကျော်

(၁) ဆရာ့အကြောင်းတွေးမိတိုင်း ကျေးဇူးကို သတိရပုံ (နိဒါန်း)
(၂) ဆရာ့အမည်၊ အသက်၊ အလုပ်အကိုင်၊ ပုံပန်း၊ စိတ်ထားနှင့် ဝါသနာ
(၃) တပည့်များကို စာသင်ကြားပေးပုံ
(၄) ဆရာနှင့်တပည့်များ ဆက်ဆံပုံ
(၅) မိမိနှင့်ဆက်ဆံရေး
(၆) အမှတ်တရ ဖြစ်ရပ်တစ်ခု
(၇) ဆရာ့မေတ္တာနှင့်ကျေးဇူး
(၈) မိမိခံစားမှုနှင့် အမြင် (နိဂုံး)

ကျွန်တော့်ဘဝတွင် ဆရာပေါင်းများစွာနှင့် ကြုံတွေ့ခဲ့ရသည်။ ငယ်စဉ်ကစ၍ ယခု တက္ကသိုလ်ဝင်တန်းရောက်သည်အထိ ကြုံတွေ့ခဲ့ရသော သင်ဆရာ၊ မြင်ဆရာ များစွာ ရှိလှပေသည်။ ဆရာများသည် သူ့နည်းသူ့ဟန်ဖြင့် အမျိုးမျိုးအဖုံဖုံတပည့် များအား ပညာတွေကို ဝေမျှပေးခဲ့ကြသည်။ လိမ္မာရေးခြားရှိစေရန် ခြောက်ပြောသည့် ဆရာက ပြောသည်၊ ချော့ပြောသည့်ဆရာကပြောသည်။ စာကြိုးစားစေရန်လည်း မခံချင်အောင် ပြောသည့်ဆရာရှိသည်။ ကြိမ်လုံးနှင့်ပြောသည့်ဆရာရှိသည်။ မြှောက် ပင့်ပြီးပြော သည့်ဆရာရှိသည်။ ထိုကဲ့သို့သော ဆရာအမျိုးမျိုးရှိသည့်အနက် ကျွန်တော့်စိတ်ထဲ တွင် မှတ်မှတ်ရရ ဆရာတစ်ယောက်ရှိခဲ့ပါသည်။

ဆရာ့အကြောင်းတွေးမိတိုင်း ဆရာ၏ကျေးဇူးများကို ကျွန်တော် အောက်မေ့ သတိရမိသည်။ ဆရာ၏ကျေးဇူးသည် မြင်းမိုရ်တောင်ကြီးမက မြင့်မားလှသည်၊

mgyoe.com

mgyoe.com

ပင်လယ်သမုဒ္ဒရာကြီးပမာ နက်ရှိုင်းလှသည်၊ ကောင်းကင်ကြီးပမာ ကျယ်ပြောလှပေသည်။ ထိုဆရာမှာ အခြားမဟုတ်၊ ကျွန်တော်တက်ရောက်သင်ကြားနေသော အမှတ်(၁)၊ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြမြန်မာစာဆရာတစ်ဦးပင်ဖြစ်ပေသည်။

ဆရာ၏အမည်မှာ ဦးဝင်းဇော်ဖြစ်သည်။ ဆရာ၏အသက်ကို အတိအကျမသိသော်လည်း အသက်လေးဆယ်ပတ်ဝန်းကျင်တွင်ရှိမည်ဟု ခန့်မှန်းမိသည်။ ဆရာသည် ထိုအသက်အရွယ်ရောက်နေသော်လည်း ယခုအချိန်အထိ အိမ်ထောင်မပြုရသေးပေ။ လူပျိုလူလွတ်ကြီးသာဖြစ်နေသေးသည်။ ထို့ကြောင့် အပူအပင်မရှိပေ။ ကျောင်းတွင်သာအိပ်၍ ကျောင်း၌သာ စားသည်။ ဘဝကြင်ဖော်မရှိ၍ အထီးကျန်နေမည်ဟု ထင်ရသော်လည်း ဆရာသည် ဘဝကို လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာနေထိုင်သည်။

ဆရာသည် ကျောင်းဆရာသန့်သန့်လေးတစ်ဦးမျှသာဖြစ်သည်။ သန့်သန့်လေးဟုဆိုရာတွင် အလုပ်အကိုင်သန့်ခြင်းလည်းပါသည်။ ရုပ်ရည်သန့်ခြင်းလည်းပါသည်။ အလုပ်အကိုင်သန့်သည်ဟုဆိုခြင်းမှာ အခြားမဟုတ်၊ ကျောင်းဆရာအလုပ်တစ်ခုတည်းကိုသာ လုပ်၍ အခြားဝင်ငွေမရှာခြင်းပင်ဖြစ်သည်။ လူပျိုကြီးဖြစ်နေ၍ အပိုဝင်ငွေမလိုခြင်းဖြစ်ပေမည်။ ထို့ကြောင့် ဆရာသည် ကျောင်းချိန်မှလွဲ၍ အခြားအချိန်များတွင် အားလပ်နေပေသည်။

ဆရာ၏ရုပ်ရည်မှာ သန့်သန့်ပြန့်ပြန့်ရှိလှသည်။ မျက်နှာမှာ ရှင်းသန့်နေပြီး အလွန်တည်ကြည်ခန့်ညားလှသည်။ ဆံပင်ကိုလည်း သပ်သပ်ရပ်ရပ်ဖြီးထားလေ့ရှိသည်။ အသံသြဇာကောင်းမွန်လှပြီး လေးစားစရာလည်းကောင်းသည်။ ဆရာသည် အရပ်အမောင်းခပ်မြင့်မြင့်ရှိ၍ စတိုင်ကျကျဝတ်စားထားလျှင် ရုပ်ရှင်မင်းသားလွင်မိုးနှင့် ဆင်တူလေသည်။

ဆရာသည် ရုပ်ရည်သာ သန့်ပြန့်သည်မဟုတ် စိတ်ထားလည်း အလွန်ကောင်းမွန်လှသည်။ တပည့်များအပေါ် စေတနာထား၍ သင်ကြားပေးသည်။ မေတ္တာထား၍ ချစ်ခင်သည်။ ကရုဏာထား၍ စောင့်ရှောက်သည်။ ဆရာ၏ စေတနာ၊ မေတ္တာ၊ ကရုဏာများအောက်မှာ အေးမြလှသည့် 'ဆာယာ' ဟူသော အရိပ်ကို ခိုလှုံရသကဲ့သို့ အလွန်လုံခြုံစိတ်ချခဲ့ရသည်။ ဆရာသည် တပည့်များကို ဆင်းရဲချမ်းသာ၊ စာတော်စာညံ့ဟူ၍ မခွဲခြားပေ။ တန်းတူရည်တူ အခွင့်အရေးပေး၍ ဆက်ဆံသည်။ ထို့ကြောင့်ပင် တပည့်များ၏ အချစ်တော်ဆရာဖြစ်နေရပေသည်။

mgyoe.com

mgyoe.com

ဆရာသည် အားကစားဘက်တွင် ဝါသနာပါသူဖြစ်သည်။ အထူးသဖြင့် ဘောလုံးအားကစားကို နှစ်သက်သည်။ ဆရာသည် ငယ်ငယ်က ဘောလုံးကန် ကောင်းကန်ခဲ့မည်။ သို့သော် ယခုအချိန်တွင် ဆရာဖြစ်နေ၍ ဘောလုံးမကန်တော့ပေ။ သို့သော် ဆရာသည် ဖွဲ့မလျှော့သေးပေ။ ကျောင်းတွင်းဘောလုံးအားကစားပွဲများကို ပြုလုပ်ပေးသည်။ တပည့်များကို စာထဲတွင်သာ မနစ်မြုပ်စေချင်ပေ။ ကာယ စွမ်းရည်ကော၊ ဉာဏစွမ်းရည်ပါ ပြည့်စုံသည့်ဘက်စုံတော်သူများဖြစ်စေချင်သည်။ ဆရာ၏ မွန်မြတ်သော စိတ်ထားနှင့်ဝါသနာကို တွေ့မြင်ရပေသည်။ ထို့ကြောင့်ပင် ဆရာ့ကို လူတိုင်းက လေးစားရပေသည်။

ဆရာသည် စာသင်ကြားရာ၌ ပြိုင်ဘက်ကင်းပေသည်။ မြန်မာစာဆရာများထဲတွင် ဆရာ့ကိုတု၍ သင်နိုင်မည့်သူမရှိပေ။ သင်ခန်းစာများကို ဆရာရှင်းပြသည့်အချိန်တွင် ဂရုတစိုက်နားထောင်လိုက်ပါက ဦးနှောက်ထဲ၌ သံမှိုစွဲနှက်လိုက်သလို စွဲမြဲသွားသည်။ မီးမောင်းထိုးပြသလို ရှင်းလင်းသွားသည်။ ဆရာ၏ သင်ကြားပုံမှာ ဤသို့ပင်ဖြစ်သည်။

ဆရာသည် "သဒ္ဒါပိုင်မှ စာနိုင်မည်" ဟူသော အချက်ကို ခံယူထားသူဖြစ်သည်။ သဒ္ဒါသင်ကြားရာတွင် နားလည်ရုံသာမက ကျွမ်းကျင်သည်အထိ ရှင်းပြခြင်း၊ လေ့ကျင့်ခန်းများပြုလုပ်ပေးခြင်းစသည်တို့ကို လုပ်ဆောင်သည်။ ထို့ကြောင့်ပင် ဆရာ၏ တပည့်များအတွက် သဒ္ဒါမှာ ဝန်ထုပ်ဝန်ပိုးမဖြစ်တော့ပေ။

ဆရာသည် စကားပြေသင်ကြားရာ၌လည်း စကားပြေ၏ အကြောင်းအရာ၊ အရေးအသားနှင့် အလင်္ကာတန်ဆာဆင်မှုများကို ရှင်းပြသည်။ စကားပြေဆိုသည်မှာ ပြေပြေပြစ်ပြစ် ဖွဲ့စည်းသုံးနှုန်းထားသော စကားမျိုး၊ စာမျိုးပင်ဖြစ်သည်ဟုလည်း ရှင်းပြသည်။ ဆရာသည် စကားပြေတစ်ပုဒ်မသင်မီ ထိုစကားပြေနှင့်ဆိုင်သည့် နောက်ခံအကြောင်းအရာများ၊ ဇာတ်လမ်းများကို ဦးစွာ ရှင်းပြသည်။ ထို့နောက်မှသာ စကားပြေကို သင်ကြားလေ့ရှိသည်။

ဆရာသည် ကဗျာသင်ကြားရာတွင် ရှေးဦးစွာ ကဗျာစာဆိုအကြောင်းကို ရှင်းပြသည်။ စာဆို၊ မည်သည့်ခေတ်က ရေးခဲ့သည်၊ မည်သည့်စာအုပ်မှ ကောက်နုတ်ထားသည်၊ မည်သည့်ကဗျာအမျိုးအစားဖြစ်သည် စသည်တို့ကို ရှင်းပြသည်။ ထို့နောက် ဆရာသည် ကဗျာကို သံနေသံထားမှန်မှန်ဖြင့် ရွတ်ဆိုပြသည်။

ဆရာသည် ရေသည်ပြဇာတ်သင်ကြားရာတွင်လည်း မည်သူက မည်သူ့ကို ပြောသည်။ မည်သည့်နေရာတွင်ပြောသည် စသည်ဖြင့် ရှင်းပြသည်။ အလင်္ကာ၊

mgyoe.com